**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

နဝမနေ့မှတ်တမ်း

**၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်**

**( ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက် )**

**[ ကြာသပတေးနေ့ ]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ်ကို ၁၀:၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ နဝမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀:၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၃)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၈)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၈.၇၉) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀:၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ နဝမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါ့မယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀:၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၃။**

**ဒေါ်သီရိရတနာ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ ၂၀-၂-၂၀၂၀ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်မ ဒေါ်သီရိရတနာ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးငွန်ပေား၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ချင်းအမျိုးသားနေ့အခမ်းအနားတက်ရောက်ရန်။ ဦးဘွဲခိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးဝေ့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးကျင့်ခန့်ပေါင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဥပဒေကြမ်းပူးပေါင်းကော်မတီလုပ်ငန်းတာဝန်များ ဆောင်ရွက်ရန်။ ဦးဝင်းမောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကျန်းမာရေး။ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအေးသာအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ချင်းအမျိုးသားနေ့အခမ်းအနား တက်ရောက်ရန်။ ဒေါက်တာကျော်ငွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူးရဲအောင်စော၊ တပ်မတော်သားကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဦးစိုးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ပြည်နယ်မြေစစ်အစည်းအဝေး ရှိပါသဖြင့်။ ဒေါ်လွီးဇာ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ကျန်းမာရေးတို့ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၀)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၁၅)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ (၂၅)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ်သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ ပန်ကြားတင်ပြအပ်ပါတယ်ရှင်။

**အချိန်၊ ၁၀:၀၆။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀:၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၀)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၅)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၅)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀:၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၉ အရ လွှတ်တော်အစည်းအဝေးများတွင် ပထမတစ်နာရီသည် မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်ရန် ဖြစ်သော်လည်း သတ်မှတ်ထားသည့် အချိန်အတွင်း မေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း မပြီးဆုံးခဲ့ပါက အစီအစဉ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်ကို ကြိုတင်အသိပေးပါတယ်။

**ရန်ကုန်တိုင်းဒေသကြီးနယ်မြေအတွင်း စက်သုံးဆီအရောင်းဆိုင် မည်မျှရှိပြီး လိုအပ်သည့်အရေအတွက်ထက် ပိုလျှံခြင်း ရှိ/မရှိ၊ အကယ်၍ ထပ်မံလိုအပ်သည်ဟု ယူဆပါက မည်သည့်မူဝါဒများ ချမှတ်၍ ပွင့်လင်းမြင်သာစွာ ခွင့်ပြုပေးနေသည်နှင့် လူနေထူထပ်သည့် မြို့ရွာ၊ ရပ်ကွက်များတွင် နေထိုင်ကြသော ပြည်သူများ၏ မီးဘေး၊ လျှော်ဘေး စသည့် သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက မထိခိုက်စေရန် စဉ်းစားထားခြင်းရှိ/မရှိ သိရှိလိုခြင်းတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၀၈။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၈။**

**ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီးအစိုးရကို အောက်ပါမေးခွန်းအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။

လွန်ခဲ့တဲ့ (၁၀)နှစ်၊ (၁၅)နှစ်ခန့်က ရန်ကုန်မြို့တော်တွင် အသုံးပြုနေတဲ့ ယာဉ်အရေအတွက်က သောင်းဂဏန်းလောက်ရှိပြီးတော့ မြို့တွင်းသွားလာမှု၊ လူနေထူထပ်မှုကလည်း ယခုကာလလောက်မများခဲ့ပါဘူး။ ယခုအခါ ရန်ကုန်မြို့တော်မှာပင် ယာဉ်အရေအတွက်ခန့်မှန်း လေးငါး

သိန်းလောက်ရှိနိုင်ကြောင်း ခန့်မှန်းရရှိပါတယ်။ ဒီအတွက် စက်သုံးဆီ သုံးစွဲမှု၊ ရောင်းချမှု၊ ဖြန့်ဝေမှု စသည်တို့ကလည်း လိုက်ပါတိုးမြင့်နေရပါတယ်။ ရေရှည်အစီအမံ သိလိုတဲ့အတွက်ကြောင့် ဤမေးခွန်း မေးရခြင်း ဖြစ်ပါတယ်။ (၁) ရန်ကုန်တိုင်းဒေသကြီးနယ်မြေအတွင်း စက်သုံးဆီအရောင်းဆိုင် မည်မျှ ရှိပါသနည်း။ လိုအပ်သည့်အရေအတွက်ထက် ပိုလျှံခြင်းရှိ/မရှိ။ (၂) အကယ်၍ ထပ်မံလိုအပ်သည်ဟု ယူဆပါက မည်သည့်မူဝါဒများချမှတ်၍ ပွင့်လင်းမြင်သာစွာ ခွင့်ပြုနေပါသနည်း။ (၃) လူနေထူထပ်သည့် မြို့ရွာ၊ ရပ်ကွက်များတွင် နေထိုင်ကြသော ပြည်သူများ၏ မီးဘေး၊ ငလျင်ဘေး စသည့် သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက မထိခိုက်စေရန် စဉ်းစားဆောင်ရွက်ထားခြင်း ရှိ/မရှိ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၀၉။**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း မေးမြန်းသည့် ရန်ကုန်တိုင်းဒေသကြီးနယ်မြေအတွင်း စက်သုံးဆီအရောင်းဆိုင် မည်မျှရှိပြီး လိုအပ်သည့်အရေအတွက်ထက် ပိုလျှံခြင်း ရှိ/မရှိ၊ အကယ်၍ ထပ်မံလိုအပ်သည်ဟု ယူဆပါက မည်သည့်မူဝါဒများ ချမှတ်၍ ပွင့်လင်းမြင်သာစွာ ခွင့်ပြုပေးနေသည်နှင့် လူနေထူထပ်သည့် မြို့ရွာ၊ ရပ်ကွက်များတွင် နေထိုင်ကြသော ပြည်သူများ၏ မီးဘေး၊ ငလျင်ဘေး စသည့် သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက မထိခိုက်စေရန် စဉ်းစားထားခြင်း ရှိ/မရှိ သိရှိလိုသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးမှဖြေကြားချက်အား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင် မှ ပေါင်းစပ်၍ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖွင့်လှစ်ရောင်းချထားသည့် စက်သုံးဆီ ဖြန့်ဖြူးရောင်းချခွင့် လိုင်စင်ရရှိထားသော စက်သုံးဆီအရောင်းဆိုင် အရေအတွက်မှာ စည်ပင်သာယာနယ်နိမိတ်အတွင်း၌ (၁၃၉)ဆိုင်၊ စည်ပင်သာယာနယ်နိမိတ်ပြင်ပ၌(၄၉)ဆိုင် စုစုပေါင်း စက်သုံးဆီအရောင်းဆိုင်(၁၈၈)ဆိုင် လက်ရှိ ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလစာရင်းအရ ရန်ကုန်တိုင်းဒေသကြီးအတွင်း မှတ်ပုံတင်ထားသော ယာဉ်ကြီး၊ ယာဉ်ငယ်

စုစုပေါင်းစာရင်းမှာ (၇၈၅၀၀၀)စီးရှိပြီး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း တခြား တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ မှတ်ပုံတင်ထားသော မော်တော်ယာဉ်များကလည်း ရန်ကုန်တိုင်းဒေသကြီးအတွင်းသို့ ဝင်ထွက် သွားလာလျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ လက်ရှိ စက်သုံးဆီအရောင်းဆိုင်တစ်ဆိုင်လျှင် ပျမ်းမျှယာဉ်အစီးရေ (၄၂၀၀) ခန့်ကို ဆီဖြန့်ဖြူးပေးနေရသည့် အခြေအနေဖြစ်ပါတယ်။ လက်ရှိ ဖွင့်လှစ်ထားတဲ့ အရောင်းဆိုင် အရေအတွက်နှင့် အဆိုပါ ယာဉ်အစီးရေအချိုးတို့အရ စက်သုံးဆီဖြန့်ဖြူးရောင်းချရန် လုပ်ဆောင်ရတဲ့ ဝန်နှင့်အား မျှတစေရန်လည်းကောင်း၊ မော်တော်ယာဉ်များက အချိန်ကုန်သက်သာစွာ စက်သုံးဆီဝယ်ယူဖြည့်တင်းနိုင်ရေးအတွက် လက်ရှိ စက်သုံးဆီအရောင်းဆိုင်အရေအတွက်ဟာ ပိုလျှံခြင်းမရှိသေးဘဲ ထပ်မံလိုအပ်လျက်ရှိတဲ့အနေအထားဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီးအတွင်း မော်တော်ယာဉ်များအား နီးစပ်သည့်နေရာများတွင် စက်သုံးဆီကို အလွယ်တကူ ဖြည့်တင်းနိုင်ရန်အတွက် ရည်မှန်းပြီး ခွင့်ပြုသင့်သည့်မြေပေါ်တွင် စက်သုံးဆီအရောင်းဆိုင်အသစ် တည်ဆောက် ဖွင့်လှစ်ခွင့်ပြုရန် တင်ပြလာပါက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနတို့က ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်မည်ဆိုပါက စိစစ်ခွင့်ပြုပေးလျက် ရှိပါတယ်။

စက်သုံးဆီအရောင်းဆိုင် တစ်ဆိုင်အတွက် ဖြန့်ဖြူးရောင်းချခွင့်လိုင်စင် ခွင့်ပြုချက်ရရှိရန် ဆောင်ရွက်ရတဲ့ လုပ်ငန်းစဉ်အဆင့်ဆင့်ကို ပြည်သူများ ပွင့်လင်းမြင်သာစွာ အလွယ်တကူသိရှိနိုင်စေရန် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာများ၌လည်းကောင်း၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၏ အင်တာနက်စာမျက်နှာများ၌လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ရောင်းဝယ်ရေးအရာရှိရုံးများရှိ ကြော်ငြာသင်ပုန်းများ၌ ဖော်ပြထားရှိပါတယ်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာရှိတဲ့ သက်ဆိုင်ရာဌာနများ ပါဝင်ဖွဲ့စည်းထားသော ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီအား အသစ်တည်ဆောက်မည့် စက်သုံးဆီအရောင်းဆိုင် မြေနေရာကို ကွင်းဆင်းကြည့်ရှုစစ်ဆေးစေပြီး ယခင်က လိုင်စင်ခွင့်ပြုပြီး ဆောင်ရွက်ဆဲ အရောင်းဆိုင်များရဲ့ အခြေအနေနှင့် နေရာဒေသ၏အခြေအနေအရ ထပ်မံဖွင့်လှစ်ရန်၊ ခွင့်ပြုရန် သင့်၊ မသင့်ကို ဦးစွာ တင်ပြစေပါတယ်။

ထို့နောက် တည်ဆောက်ရန် ရည်ရွယ်သော စက်သုံးဆီအရောင်းဆိုင်၏ Layout ပုံစံ၊ အသေးစိတ်ဒီဇိုင်းပုံစံများကို စိစစ်ပြီးတော့ အန္တရာယ်ကင်းရန် သတ်မှတ်ထားတဲ့အချက်များနဲ့ ကိုက်ညီပါက ဒီဇိုင်းပုံစံကို ဌာနက ဦးစွာအတည်ပြုပေးပြီးတဲ့နောက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်နှင့် စည်ပင်ကဲ့သို့ သက်ဆိုင်ရာဌာန

များ၏ ခွင့်ပြုချက်များကို ရရှိရန်လိုအပ်ကြောင်း အတည်ပြုပုံစံအတိုင်း ဆောက်လုပ်သွားမည်ဆိုပါက စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့်လိုင်စင် ခွင့်ပြုပေးနိုင်မည်ဖြစ်ကြောင်းကို လျှောက်ထားသူထံ ဌာနက ပြန်လည်အကြောင်းကြားပေးပါတယ်။

ထို့နောက် အရောင်းဆိုင်အား သတ်မှတ်ပုံစံ ဒီဇိုင်းအတိုင်း တည်ဆောက်၍ ပြီးစီးပါက သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့၏ စက်သုံးဆီဆိုင်ဖွင့်လှစ်ရန် ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာ၊ စက်သုံးဆီသိုလှောင်ကန်များအတွက် သတ်မှတ် စံချိန်စံညွှန်းများအတိုင်း တည်ဆောက်ထားခြင်း ရှိ/မရှိ စိစစ်ပြီးသည့် ခွင့်ပြုချက်အား သတ္တုတွင်းဦးစီးဌာန၏ သိုလှောင်ခွင့်လိုင်စင်နှင့်အတူ မီးသတ်ဦးစီးဌာန၏ မီးဘေးအန္တရာယ်ကင်းဝေးရန် ကိုက်ညီအောင် ဆောင်ရွက်ထားမှု ထောက်ခံချက်တို့နှင့်တကွ စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့်လိုင်စင် ခွင့်ပြုထုတ်ပေးပါရန် တင်ပြရပါတယ်။

သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရောင်းဝယ်ရေး အရာရှိအဖွဲ့က ထပ်မံပြီး ကွင်းဆင်းစစ်ဆေးပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီလျှင် စက်သုံးဆီဖြန့်ဖြူးရောင်ချခွင့် လိုင်စင်ကို ခွင့်ပြုထုတ်ပေးလျက်ရှိပါတယ်။ လူနေထူထပ်သည့် မြို့၊ ရွာ၊ ရပ်ကွက်များအတွင်း နေထိုင်ကြသည့် ပြည်သူများ၏ မီးဘေး၊ ငလျင်ဘေး စသည့် သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက ထိခိုက်မှု အနည်းဆုံးဖြစ်စေရန်အလို့ငှာ စက်သုံးဆီအရောင်းဆိုင်ဟာ မြို့တွင်းတွင် တည်ဆောက်မည်ဆိုပါက မည်သည့် စက်သုံးဆီအမျိုးအစားကိုမဆို မြေအောက်သိုလှောင်ကန်ဖြင့်သာ တည်ဆောက်သိုလှောင်ဖြန့်ဖြူးရောင်းချရန် သတ်မှတ်ထားပါတယ်။ ထို့အပြင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့ရဲ့ သတ်မှတ်ချက် စံချိန်စံနှုန်းများအတိုင်း လိုက်နာဆောင်ရွက်ထားရှိစေပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၁၆။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည် ထွက်ခွာနိုင်ပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်(၂)ဦး မေးမြန်းတဲ့ မေးခွန်းများဟာ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်မြို့ရှိ စစ်တောင်းစက္ကူစက်ဟောင်း မြေနေရာနှင့် အဆောက်အဦများကို Industrial Complex အဖြစ် သို့မဟုတ် စက်မှုလုပ်ငန်း တစ်ခုခုအတွက် ပြန်လည်အသုံးချရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၆။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၆။**

**ဦးလှမြင့်(ခ)ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ကြီးတစ်ရပ်လုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ကျိုက်ထိုမြို့နယ်ကို ကိုယ်စားပြုတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှမြင့်(ခ)ဦးလှမြင့်သန်း ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့ ကြယ်ပွင့်ပြ မေးခွန်းက မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်မြို့ရှိ စစ်တောင်းစက္ကူစက်ဟောင်း မြေနေရာနှင့်အဆောက်အအုံများကို Industrial Complex အဖြစ် သို့မဟုတ် စက်မှုလုပ်ငန်း တစ်ခုခုအတွက် ပြန်လည်အသုံးချရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီမေးခွန်းကို မေးမြန်းရတဲ့ အကြောင်းအရင်းများကတော့ လွန်ခဲ့တဲ့ (၂)နှစ်ကျော်ကတည်းက မွန်ပြည်နယ်အစိုးရသို့ အပြီးပိုင် လွှဲပြောင်းပေးခဲ့ပြီးဖြစ်တဲ့ စစ်တောင်း စက္ကူစက်ဟောင်းရဲ့ စက်ရုံမြေနေရာဟာ ဧက(၁၁၀)ရှိပြီး စီမံခန့်ခွဲတဲ့ ရုံးလုပ်ငန်းအဆောက်အအုံ၊ ပျော့ဖတ်ဓာတုဗေဒစက်ရုံစတဲ့ အဆောက်အအုံများအပြင် လျှပ်စစ်ဓာတ်အားအတွက် Transformer (၃၁)လုံး၊ ဓာတ်ငွေ့ကုဗပေ(၆)သန်း သိုလှောင်ရုံနဲ့ ဓာတ်ငွေ့သိုလှောင်ရုံများသာမက စက်ရုံပိုင်ဧရိယာ(၉၂၆)ဧကထဲမှာ အခန်း(၄၀)ရှိ နိုင်ငံတော်အဆင့် ပုဂ္ဂိုလ်များ တည်းခိုခဲ့တဲ့ တည်းခိုရိပ်သာတစ်ခု၊ နေ့ကလေးထိန်းကျောင်း၊ စာကြည့်တိုက်တို့အပြင် စက်ရုံမှာလုပ်တဲ့ ဝန်ထမ်းနဲ့ အရာရှိများအတွက် အိမ်ရာ(၉၉၄)လုံး ဆေးရုံအဆောက်အအုံ(၁)ခု၊ ဒါ့အပြင် ဆေးရုံဝန်ထမ်းအားလုံး၊ စစ်တပ်(၃)တပ်နှင့် အခြေခံပညာကျောင်း အသီးသီးကို ရေပေး ဝေနိုင်တဲ့ ရေကန်ကြီးတစ်ကန်လည်း ရှိခဲ့ပါတယ်။ ယခုအခါမှာ စက်ရုံဟောင်းကြီး မြေနေရာနဲ့ အဆောက်အအုံတချို့ကို အသုံးပြုမှုရှိတဲ့အတွက် အဆောက်အအုံများ ယိုယွင်းလျက်ရှိနေပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါရန် ပန်ကြား အပ်ပါတယ်။ အခု Power Point မှာ မြင်ရမှာကတော့ စစ်တောင်းစက္ကူစက်ကြီးရဲ့ လက်ရှိဖြစ်ပျက် နေတဲ့ အခြေအနေများ ဖြစ်ပါတယ်။ Slide-2 မှာ မြင်ရတာကတော့ စက်ရုံဟောင်း ပင်မဝင်ပေါက်ရဲ့

လက်ရှိအခြေအနေဖြစ်ပြီး Slide–3 မှာ မြင်ရတာကတော့ အငြိမ်းစားဝန်ထမ်းများကို လက်ရှိလစာ ထုတ်ပေးဖို့ အသုံးပြုနေတဲ့ ပင်မရုံးအဆောက်အအုံပုံ ဖြစ်ပါတယ်။ Slide–4 မှာ မြင်ရတာက ယခင် ပစ္စည်းသိုလှောင်ရုံများရဲ့ လက်ရှိအခြေအနေဖြစ်ပြီး Slide 5 မှာ မြင်ရတာကတော့ ယခင်စက္ကူ ထုတ်လုပ်တဲ့နေရာရဲ့ လက်ရှိအခြေအနေ ပြီးတော့ ယခင်ပျော့ဖတ်ချပ်သိုလှောင်ရုံ အခြေအနေများ ဖြစ်ပါတယ်။ Slide–6 မှာ မြင်ရတာကတော့ ဓာတုဗေဒစက်ရုံရဲ့ လက်ရှိအခြေအနေနဲ့ မီး ပြန်လည်ဖြန့်ဖြူးပေးနေတဲ့ O–C–B ရုံတို့ရဲ့ အခြေအနေပဲ ဖြစ်ပါတယ်။ Slide–7 မှာကတော့ ယခင် ဝါးဖြတ်စက်ရုံရဲ့ လက်ရှိအခြေအနေများ၊ Slide–8 မှာလည်းပဲ ဝါးဖြတ်စက်ရုံရဲ့ လက်ရှိ အခြေအနေနဲ့ ယခင်မော်တော်ယာဉ်ဌာနရဲ့ လက်ရှိအခြေအနေများကို မြင်ရတာဖြစ်ပြီးတော့ Slide–9 မှာ ဝန်ထမ်း အိမ်ရာနဲ့ တပ်ရင်း(၃)ခုသို့ လျှပ်စစ်မီးများပေးတဲ့ Transformer များထားတဲ့ သိုလှောင်ရုံနဲ့ စစ်တောင်း တံတားဟောင်းကြီးနဲ့ ပတ္တမြားရပ်ကွက်ဆီသို့ မီးပေးတဲ့ Transformer များထားတဲ့ရုံရဲ့ အခြေအနေ များဖြစ်ပါတယ်။ Slide–10 မှာ မြင်ရတာကတော့ လျှပ်စစ်ဓာတ်အား ပြောင်းပေးတဲ့ Transformer များထားတဲ့ရုံ ဖြစ်ပါတယ်။


လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စက်ရုံကြီးကို ပုဂ္ဂလိကသို့ Book Value ရောင်းချ ခဲ့လို့ ပထမအသုတ်အနေနဲ့ မဖြစ်မနေ အရွယ်ကောင်းမှာ ပင်စင်ယူခဲ့ရတဲ့ ကျွမ်းကျင်ဝန်ထမ်းများ၊ ရုံးဝန်ထမ်းများနဲ့ နောက်ချန်ဝန်ထမ်းများ အလုပ်အကိုင်မဲ့ရာက သူတို့ရဲ့ သား၊ သမီး မျိုးဆက်များရဲ့ အနာဂတ်ဟာ ပြိုလဲပျက်စီးခဲ့ရပြီးဖြစ်ပါတယ်။ ပုဂ္ဂလိက ကုမ္ပဏီက Industrial Complex လုပ်မယ် ဆိုပြီးတော့ စက်ရုံကြီးကို Book Value ဝယ်ခဲ့ပါတယ်။ ဝန်ထမ်းတချို့ကိုလည်း ခေါ်ယူခန့်ထားခဲ့ ပေမယ့် မလုပ်ဖြစ်ခဲ့တဲ့အတွက် အလုပ်ဖြုတ်ခဲ့လို့ ဒုတိယအသုတ် ဝန်ထမ်းများ အလုပ်လက်မဲ့ဖြစ်ကြ ရပြန်ပြီး သူတို့ရဲ့ သား၊ သမီးမျိုးဆက်များရဲ့ အနာဂတ် အမှောင်ကျနေရပြီဖြစ်ပါတယ်။ စက်ရုံကြီးရဲ့ ဝန်ထမ်း(၁၀၀၀)ခန့်နဲ့ မိသားစုပေါင်း လူသုံးလေးထောင်ခန့်ကို မှီခိုရောင်းဝယ် ဖောက်ကားနေကြတဲ့ သိမ်ဇရပ်နှင့် ပတ်ဝန်းကျင်ရွာများမှာရှိတဲ့ လူတွေကလည်းပဲ ထိခိုက်ခဲ့ပါတယ်။

သိမ်ဇရပ်–စစ်တောင်း စက္ကူစက်ဟောင်းရဲ့ တည်နေရာကို ကြည့်မယ်ဆိုရင် လမ်းပန်း ဆက်သွယ်ရေးအရလည်းပဲ မြစ်ကြောင်းလမ်း၊ ရထားလမ်း၊ ကားလမ်းများရှိပါတယ်။ အထက်က ကျွန်တော် တင်ပြခဲ့တဲ့မြေအရ လျှပ်စစ်ဓာတ်အား၊ ဓာတ်ငွေ့နဲ့ လမ်းဟောင်းများ ရှိနေတဲ့ ဒီစက်ရုံ ဟောင်းကြီးမှာရှိနေတဲ့ စွမ်းအားစုတွေကို မြန်မြန်အသုံးချနိုင်လေလေ လူအများ အလုပ်အကိုင်ရရှိပြီး ဒေသဖွံ့ဖြိုးတိုးတက်လာမှာ ဧကန်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အထက်ပါမေးခွန်းကို ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာဖြင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

စစ်တောင်းစက္ကူစက်ရုံဟောင်း ပင်မဂိတ်ဝင်ပေါက်၏ ယခုလက်ရှိအခြေအနေ (၅-၉-၂၀၁၉) မြင်ကွင်းပုံ (တ)



စစ်တောင်းစက္ကူစက်ရုံဝန်းအတွင်းရှိ ပင်မရုံးအဆောက်အအုံ (ယခုလက်ရှိ ၎င်းနေရာတွင် စစ်တောင်း စက္ကူစက် အငြိမ်းစားများအား ပင်စင်လစာထုတ်ပေးလျက်ရှိသည်) မြင်ကွင်းပုံ (တ-၁)



စက်ရုံဝန်းအတွင်းရှိ စက္ကူထုတ်လုပ်သည့် နေရာနှင့် ပျော့ဖတ်ချပ်သိုလှောင်ရုံ၏ လက်ရှိအခြေအနေ မြင်ကွင်းပုံ (တ-၂)




**မြန်မာနိုင်ငံ၌ လယ်ယာသုံးစက်ကိရိယာများအား ကုမ္ပဏီများမှတစ်ဆင့် လယ်သမားများ ဝယ်ယူရာတွင် အဆင်မပြေမှုများရှိနေကြသဖြင့် စီစဉ်ကြပ်မတ် ဆောင်ရွက် နိုင်သည့်အဖွဲ့ ဖွဲ့စည်းပေးရန်နှင့် မြန်မာနိုင်ငံ စက်မှုလက်မှုပညာရှင်များမှ ဝိုင်းဝန်းပူးပေါင်း၍ လယ်ယာသုံးစက်ကိရိယာပစ္စည်းများအား ထုတ်လုပ်ဖြန့်ဖြူးစီမံပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၂၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၂၁။**

**ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဂါရဝပြု နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံ၌ လယ်ယာကဏ္ဍတို့မှာ လယ်ယာသုံးစက်ကိရိယာများအား ကုမ္ပဏီတို့မှတစ်ဆင့် လယ်သမားများ ဝယ်ယူ ရောင်းချနေကြရာမှာ အဆင်မပြေမှုများ ရှိနေကြသဖြင့် စီစဉ်ကြပ်မတ် ဆောင်ရွက်ပေးနိုင်တဲ့ အဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်းပေးပါရန်နှင့် မြန်မာနိုင်ငံ စက်မှုလက်မှုပညာရှင်များမှ ဝိုင်းဝန်းပူးပေါင်းပြီးတော့ လယ်ယာ

သုံးစက်ကိရိယာပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူး စီမံပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းလို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဟာ လယ်သမားနိုင်ငံ ဖြစ်ပါတယ်။ ကျေးလက်နေပြည်သူများဟာ လယ်သမားများ ဖြစ်ကြပါတယ်။ အဲဒီလယ်သမားများကို အခြေခံလူတန်းစားများလို့ သတ်မှတ်ခေါ်ဝေါ်ကြပါတယ်။ ကျေးလက်နေပြည်သူများ အများဆုံးဟာ စာမတတ်ကြပါဘူး။ အထူးသဖြင့် (၂)တန်း၊ (၃)တန်း၊ (၄)တန်း စသည်ဖြင့် ပညာရေးနဲ့ပတ်သက်ပြီး နေခဲ့ကြရတဲ့ လယ်သမားများ ဖြစ်ကြပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီ အခြေခံလူတန်းစားများဟာ စာပေအသိတရား နည်းပါးကြလို့ ဗဟုသုတလည်း နည်းပါးကြပါတယ်။ မြန်မာနိုင်ငံမှာ ခေတ်စနစ်တွေ ဘယ်လိုပဲပြောင်းပြောင်း လယ်သမားများရဲ့ဘဝကတော့ ပြောင်းလဲခြင်း မရှိကြပါဘူး။ ယနေ့ခေတ်ရောက်တဲ့အခါကျမှ လယ်သမားများဟာ မျက်စိပွင့်၊ နားဖွင့် စတင်စပြုနေကြပါပြီ။ ဒါပေမဲ့ ၎င်းတို့ ကိုယ်တိုင်စီမံခန့်ခွဲနိုင်ခြင်း မရှိကြသေးပါဘူး။ လယ်ယာလုပ်ငန်းများအတွက် အသုံးပြုဖို့ လယ်ယာသုံးစက်ကိရိယာတွေကို ကုမ္ပဏီတွေကနေတစ်ဆင့် ဝယ်ယူကြရပါတယ်။ ဝယ်ယူတဲ့အခါမှာ ဂျပန်နိုင်ငံလုပ်လား၊ တရုတ်နိုင်ငံလုပ်လား ခွဲခြားနားမလည်ကြပါဘူး။ အသစ်တွေလား၊ ဆေးပြန်သုတ်ထားတာတွေလား၊ အဟောင်းတွေလားလည်း မသိကြပါဘူး။ ရောင်းသူ၊ ဝယ်သူရဲ့ သဘာဝအရ ရောင်းသူကပြောဆိုတဲ့အပေါ်မှာပဲ လယ်သမားများက သိကြရပါတယ်။ ကိုယ်တိုင် နားမလည်ကြလို့ သူများပြောတာကိုပဲ တကယ်မှတ်ပြီး ယုံခဲ့ကြရပါတယ်။ တကယ်ရောင်းဝယ်တဲ့အခါမှာ ကုမ္ပဏီတွေနဲ့ စာချုပ် ချုပ်ရပါတယ်။ စာချုပ်ရဲ့သဘော၊ စာချုပ်မှာပါတဲ့ ရေးထားတဲ့ စာတွေရဲ့ အကြောင်းအရာတွေ အချုပ်ကလေး ရေးထားတဲ့ဟာတွေကို စာချုပ်မှာပါပေမယ့်လို့ တကယ်လက်တွေ့မှာ နားမလည်ဘဲနဲ့ ဝယ်ယူသူနေရာမှာ လယ်သမားများမှ လက်မှတ်ထိုးခဲ့ရပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ရောင်းခြင်းငွေကလည်း တန်ဖိုးပမာဏ အားလုံးကို အကြေမရှင်းရဘဲနဲ့ အရစ်ကျစနစ်နဲ့ ရောင်းချတာဖြစ်လို့ အဲဒီပေါ်မှာပဲ လယ်သမားများမှ အာရုံထားနေကြပါတယ်။ လက်တွေ့သုံးကြည့်တဲ့အခါမှာ မကြာမီ ပျက်စီးတာ၊ အသုံးပြုလို့မရတာ အဆင်မပြေတာတွေ ဖြစ်နေကြပါတယ်။ ကုမ္ပဏီကို ဆက်သွယ်တဲ့အခါမှာလည်း ပျက်တဲ့ပစ္စည်းတွေကို ငွေလက်ငင်းပေးပြီး ဝယ်ကြရပါတယ်။ အဲဒီပစ္စည်းကလည်းပဲ ကောင်းတာ၊ မကောင်းတာ ဘယ်နိုင်ငံကထုတ်တာလဲ သူတို့ နားမလည်ကြပါဘူး။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာသုံးစက်ကိရိယာများရဲ့ တန်ဖိုးပမာဏကလည်း မနည်းပါဘူး။ ကျပ်သိန်း(၅၀၀)၊ ကျပ်သိန်း (၆၀၀)ကျော်ပမာဏ ရှိပါတယ်။ လုပ်ငန်းခွင်မှာ အသုံးပြုရတာ၊ အဆင်မပြေကြလို့ အရစ်ကျပေးသွင်းရမယ့် ငွေများကိုလည်းပဲ အချိန်မီမပေးသွင်း

နိုင်ရင် ကုမ္ပဏီက လယ်သမားများအပေါ်မှာ တရားစွဲဆိုတာ၊ ပစ္စည်းတွေကို အဓမ္မသိမ်းတာများ ဖြစ်နေကြပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ မကျေနပ်ရင် လယ်သမားများက ကုမ္ပဏီကို တရားစွဲနိုင်စေတယ်လို့ လယ်သမားများ ဘဝအနေအထားအရ ငွေကြေးအဆင်မပြေတာ၊ အချိန်တွေ ဘာတွေ သူတို့အနေနဲ့ မပေးနိုင်တာ စတဲ့ အခက်အခဲများလည်း ကြုံတွေ့နေကြပါတယ်။ အဲဒီလို လယ်သမားများနဲ့ ကုမ္ပဏီကြားမှာဖြစ်ပေါ်နေတဲ့ ပြဿနာတွေကို မဖြစ်ပွားရအောင် ကိုယ့်နိုင်ငံ အတွင်းမှာ လာရောင်းကြတဲ့ နိုင်ငံခြားပစ္စည်းတွေကို ကိုယ့်နိုင်ငံရဲ့ အခြေခံလူတန်းစားများအတွက် ကူညီတဲ့အနေနဲ့ စောင့်ရှောက်တဲ့အနေနဲ့ ဦးဆောင်လမ်းပြကြမယ့် အဖွဲ့အစည်းတစ်ရပ် ယခုအချိန်မှာ လိုအပ်နေပါတယ်။ ပြဿနာပေါ်လာရင်လည်း တရားစွဲတာ၊ ပစ္စည်းပြန်သိမ်းတာ မလုပ်ဘဲနဲ့ ပြေလည်အောင် ညှိနှိုင်းတာတို့ လယ်သမားများကို ကိုယ်စားပြုတဲ့၊ စက်ကိရိယာများကို နားလည်တဲ့ အဖွဲ့တစ်ဖွဲ့ အမှန်တကယ် လိုအပ်နေပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ စက်မှုလက်မှုအသင်းများ တရားဝင် ဖွဲ့စည်းထားတာ ရှိပါတယ်။ အဲဒီအသင်းများက နည်းပညာအသစ်များနဲ့ လယ်ယာသုံး စက်ကိရိယာ တွေကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ဖို့ စံချိန်မီပစ္စည်းများအဖြစ် ထုတ်လုပ်ပြီးတော့ ဆောင်ရွက် မယ်ဆိုရင် ပိုပြီး အဆင်ပြေပါလိမ့်မယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ လယ်သမားများ အခြေအနေဟာ မိမိတို့ အသုံးပြုနေတဲ့ ခိုင်းနွားများကို ဈေးကောင်းကောင်း မရရှိသည့်အတွက် အစုလိုက် အပြုံလိုက် နိုင်ငံခြားကို မောင်းထုတ်ရောင်းချနေကြပါပြီ။ အဲဒီနေရာမှာ နိုင်ငံခြားက အရည်အသွေးမမီတဲ့ လယ်ယာသုံး စက်ကိရိယာတွေက အစားထိုးနေကြတာဟာ လယ်သမားများ အခြေခံတဲ့ မြန်မာနိုင်ငံအတွက် အလေးထားစဉ်းစားရမယ့်အချက်ဖြစ်နေလို့ ဒီမေးခွန်းကို ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၂၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၂၅။**

**ဒေါက်တာမင်းရဲပိုင်ဟိန်း(ဒုတိယဝန်ကြီး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာမင်းရဲပိုင်ဟိန်း ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်(ခ)ဦးလှမြင့်သန်း

၏ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်မြို့ရှိ စစ်တောင်းစက္ကူစက်ဟောင်း မြေနေရာနှင့် အဆောက်အအုံများကို Industrial Complex အဖြစ် သို့မဟုတ် စက်မှုလုပ်ငန်းတစ်ခုခုအတွက် ပြန်လည်အသုံးချရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့တို့၏ ပေါင်းစပ်ဖြေကြားမှုကို ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။ Power Point ရှင်းလင်းတင်ပြခွင့်ပြုပါခင်ဗျား။

စစ်တောင်းစက္ကူစက်ရုံဟောင်းဟာ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်မြို့မှာ တည်ရှိပြီးတော့ မြေကေအားဖြင့် စက်ရုံမြေ(၉၂၆)ကေနှင့် ကုန်ကြမ်းစိုက်ကွင်းမြေ (၉၆၃၀)ကေ စုစုပေါင်း(၁၀၅၅၆)ကေ ကျယ်ဝန်းပါတယ်ခင်ဗျား။ စက်ရုံကို ၁၉၆၅ ခုနှစ်မှာ စတင်တည်ဆောက်ခဲ့ပြီး ၁၉၇၁ ခုနှစ်မှာ ကုန်ထုတ်လုပ်မှုများကို စတင်ခဲ့ပါတယ်။ အဆိုပါစက်ရုံကို နိုင်ငံတော်စီးပွားရေးမူဝါဒများနှင့်အညီ ပုဂ္ဂလိကနှင့်အကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ၁-၉-၂၀၁၁ ရက်နေ့မှာ ကျင်းပခဲ့တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၀/၂၀၁၁) သဘောတူညီချက်အရ ရွှေသံလွင် ဟိုင်းဝေးကုမ္ပဏီလီမိတက်ကို တစ်နှစ်လျှင် ငှားရမ်းခ ငွေကျပ် (၂၁၆)သန်းဖြင့် (၁၀)နှစ် စာချုပ် ချုပ်ဆို ငှားရမ်းခဲ့ပါတယ်။ ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီအနေနဲ့ လုပ်ငန်းလည်ပတ်ရာမှာ စီးပွားရေးတွက်ခြေကိုက်မှု နည်းပါးလာပြီး အရှုံးပေါ်ခဲ့တဲ့အတွက် ကုန်ထုတ်လုပ်မှုများကို ရပ်နားပြီးတော့ Industrial Complex များကို ဆက်လက်ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြခဲ့ပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါကိစ္စကို နိုင်ငံတော်သမ္မတရုံးထံသို့ ဆက်လက်တင်ပြခဲ့ရာ ၂၂-၁၁-၂၀၁၃ ရက်နေ့မှာ နိုင်ငံတော်သမ္မတရုံးမှ လုပ်ထုံးလုပ်နည်းနဲ့အညီ ဆက်လက်ဆောင်ရွက်ရန် ညွှန်ကြားခဲ့ပါတယ်။ စက်မှုနယ်မြေအဖြစ် ပြောင်းလဲပြီး ထူထောင်မှာဖြစ်တဲ့အတွက် ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီလီမိတက်ကနေ ငှားရမ်းစာချုပ်ကို ရပ်စဲဖို့ တောင်းဆိုလာခြင်းကို ၁၁-၈-၂၀၁၄ ရက်နေ့မှာ နိုင်ငံတော်သမ္မတရုံးမှ ရပ်စဲခွင့် ပြုခဲ့ပါတယ်။ အဲဒီနောက် ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီလီမိတက်က စက်ရုံမြေဧရိယာများအနက်မှ (၆၉၈.၄၂)ကေကို Industrial Complex ဖော်ထုတ်ရန်အတွက် စက်မှုစီးပွားမြေငှားဂရန် လျှောက်ထားခဲ့ရာ ၁၀-၉-၂၀၁၅ ရက်နေ့မှ ၉-၉-၂၀၄၅ ရက်နေ့အထိ နိုင်ငံတော်က နှစ်(၃၀) မြေငှားဂရန် ခွင့်ပြုခဲ့သော်လည်း ကုမ္ပဏီအနေဖြင့် မူလရည်ရွယ်ချက်ဖြစ်တဲ့ Industrial Complex ကို ဖော်ထုတ်နိုင်ခြင်း၊ အောင်မြင်စွာဆောင်ရွက်နိုင်ခြင်း မရှိတဲ့အတွက်ကြောင့် ရပ်စဲခွင့် တင်ပြခဲ့ရာ ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွားရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၁၇)က ရပ်စဲခွင့် ပြုခဲ့ပါတယ်ခင်ဗျား။ ကုမ္ပဏီအနေဖြင့် စက်ရုံမြေ(၆၉၈.၄၂)ကေ အပါအဝင် အဆောက်အအုံများနှင့်စက်ပစ္စည်းများကို မွန်ပြည်နယ်အစိုးရအဖွဲ့သို့ ၂-၅-၂၀၁၈ ရက်နေ့တွင် အပြီးအပိုင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ၁၈-၅-၂၀၁၈ ရက်နေ့မှာ ကျင်းပခဲ့တဲ့ မွန်ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၉/၂၀၁၈)က အပ်နှံလာသည့်မြေအား ကုမ္ပဏီအမည်ပေါက် နှစ်(၃၀) စက်မှုစီးပွား

မြေငှားဂရန်ကို ပယ်ဖျက်ရေးနှင့် အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသော State Land အဖြစ် ဆက်လက်ထား ရှိရေး ဆုံးဖြတ်ခဲ့ပါတယ်။

ယခုအခါမှာတော့ မွန်ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ မြေကွက် (၉၂၆)ကွက်မှာ Industrial Complex ထူထောင် အကောင်အထည်ဖော်နိုင်ရေးအတွက် ကိုရီးယားနိုင်ငံမှ Korea Industrial Complex ကုမ္ပဏီလီမိတက်နှင့်လည်းကောင်း၊ မြေဧရိယာ(၁၈၀)ကေပေါ်မှာ လယ်ယာထွက်ကုန် စက်မှု ကုန်ကြမ်းပစ္စည်းများနှင့် ပျော့ဖတ်တန်ဖိုးမြှင့်ပစ္စည်းများ ထုတ်လုပ်နိုင်သည့်စက်ရုံ တည်ဆောက်၍ အစိုးရ-ပုဂ္ဂလိက အကျိုးတူပူးပေါင်း ဆောင်ရွက်နိုင်ရေးအတွက် Nilar Holdings Company Limited နှင့် လည်းကောင်း ညှိနှိုင်းဆွေးနွေးလျက်ရှိပါတယ်။ ထို့အပြင် အဆိုပြုလွှာများကို (Swiss Challenge) ဆွစ်ယှဉ်ပြိုင်မှုတင်ဒါ ခေါ်ယူနိုင်ရေးအတွက်လည်း နည်းပညာ အကူအညီများရယူရန် အစိုးရ- ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ရေးဗဟိုဌာန (PPP Center)နဲ့ ချိတ်ဆက်ဆောင်ရွက်လျက်ရှိ ပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ မွန်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ၎င်းတို့၏ စီမံခန့်ခွဲပိုင်ခွင့်ရှိသော ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်မြို့ရှိ စစ်တောင်းစက္ကူစက်ဟောင်း မြေနေရာအား Industrial Complex ထူထောင်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအနေဖြင့်လည်း စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါ တယ်ခင်ဗျား။

ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဦး ၏ မြန်မာနိုင်ငံ၌ လယ်ယာသုံးစက်ကိရိယာများအား ကုမ္ပဏီများမှတစ်ဆင့် လယ်သမားများ ဝယ်ယူရာတွင် အဆင်မပြေမှုများရှိနေကြသဖြင့် စီစဉ်ကြပ်မတ် ဆောင်ရွက်နိုင်သည့်အဖွဲ့ ဖွဲ့စည်းပေးရန်နှင့် မြန်မာနိုင်ငံ စက်မှုလက်မှုပညာရှင်များမှ ဝိုင်းဝန်း ပူးပေါင်း၍ လယ်ယာသုံးစက်ကိရိယာပစ္စည်းများအား ထုတ်လုပ်ဖြန့်ဖြူးစီမံပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်ပြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့၏ ပေါင်းစပ်ဖြေကြားချက်ကို အပိုင်း(၃)ပိုင်းခွဲပြီး ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ပထမပိုင်းအနေဖြင့် ပြည်တွင်း၌ လယ်ယာသုံးစက်ကိရိယာများကို ထုတ်လုပ်မှုနှင့် အရည်အသွေး စိစစ်ရေးနှင့်ပတ်သက်ပြီးတော့ တင်ပြလိုပါတယ်။ ပြည်တွင်းထုတ်လုပ်မှုမှာ နိုင်ငံပိုင် အခန်းကဏ္ဍက ထုတ်လုပ်တဲ့ စက်ရုံ(၃)ရုံနဲ့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအောက်မှာ ရှိတဲ့ အမှတ်(၁၆) အကြီးစားစက်ရုံ(ဆင်တဲ)နှင့် အမှတ်(၁၇) အကြီးစားစက်ရုံ(မလွန်)တို့ဟာ လတ်တလော ရပ်ဆိုင်းစက်ရုံများစာရင်းထဲမှာ ပါဝင်နေတာဖြစ်တဲ့အတွက်ကြောင့် ထုတ်လုပ်မှုများ ခေတ္တရပ်နားထားခဲ့ပြီး ယခုအခါ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်

လျက်ရှိပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်မှာရှိတဲ့ မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံ(အင်းကုန်း)ကတော့ ပြည်တွင်းပုဂ္ဂလိကစက်ရုံဖြစ်တဲ့ Convenience Prosperity Co.,Ltd (CPCL) ကုမ္ပဏီနဲ့ပူးပေါင်းပြီး New Holland ထွန်စက်များနဲ့ တွဲဖက်သုံး စက်ကိရိယာများကို Semi-Knocked Down (SKD)စနစ်ဖြင့် တပ်ဆင်ထုတ်လုပ်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

ပုဂ္ဂလိက ထုတ်လုပ်မှုကဏ္ဍအနေဖြင့် တင်ပြရမယ်ဆိုရင် သီလဝါ အထူးစီးပွားရေးဇုန်၌ KUBOTA နှင့် YANMAR အမှတ်တံဆိပ်များဖြင့် ရိတ်သိမ်းခြွေလှေ့စက်နဲ့ လယ်ထွန်စက်များကို နှစ်စဉ် စီးရေ(၄၁၀၀)ကျော် ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသလို လယ်ယာသုံး စက်ကိရိယာပစ္စည်းများကို အစိတ်အပိုင်းအလိုက် တင်သွင်းပြီး SKD စနစ်ဖြင့် တပ်ဆင်ထုတ်လုပ်လျက်ရှိတဲ့ Good Brothers Company, Yangon Wuling Company စတဲ့ ကုမ္ပဏီများလည်း ရှိပါတယ်ခင်ဗျား။ ဒီလို ပြည်တွင်းမှာ တပ်ဆင်ထုတ်လုပ်တဲ့ လယ်ယာသုံးစက်ပစ္စည်းများ၏ ဘေးအန္တရာယ်ကင်းရှင်းမှု အရည်အသွေးကို စစ်ဆေးပြီး ထောက်ခံချက် Certificate of Approval (CoA) ထုတ်ပေးနိုင်ဖို့ အတွက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအနေဖြင့် မော်တော်ယာဉ်နှင့် လယ်ယာသုံး စက်ပစ္စည်းများ ထုတ်လုပ်မှု ကြီးကြပ်ရေးနှင့် စစ်ဆေးရေးအဖွဲ့ကို ၁-၁၀-၂၀၁၆ ရက်နေ့တွင် ဖွဲ့စည်းပြီး ကြီးကြပ်စစ်ဆေးပေးလျက်ရှိပါတယ်။ ၁၁-၂-၂၀၂၀ ရက်နေ့အထိ Farm Truck စုစုပေါင်း (၃၄၈၃)စီးကို စိစစ်၍ CoA ထုတ်ပေးခဲ့ပြီး အခြားလယ်ယာသုံးစက်ပစ္စည်းများကိုလည်း (CoA) စိစစ်ထုတ်ပေး နိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

ဒုတိယပိုင်းအနေဖြင့် တောင်သူလယ်သမားများအနေနဲ့ လယ်ယာသုံးစက်ကိရိယာများကို ကုမ္ပဏီများမှတစ်ဆင့် ဝယ်ယူအသုံးပြုတဲ့အခါမှာ ကြုံတွေ့ရတဲ့ အဆင်မပြေမှုများကို ညှိနှိုင်းဖြေရှင်းပေးဖို့အတွက် ဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြလိုပါတယ်ခင်ဗျား။ လယ်ယာသုံးစက်ကိရိယာများကို ကုမ္ပဏီများမှတစ်ဆင့် တောင်သူလယ်သမားများ ဝယ်ယူအသုံးပြုရာမှာ အဆင်မပြေမှုများရှိပါက ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးနိုင်ပါရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနဲ့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ ပါဝင်တဲ့ စုံစမ်းစစ်ဆေးရေးအဖွဲ့ (Investigation Team)ကို ၂၆-၉-၂၀၁၉ ရက်စွဲဖြင့် ဖွဲ့စည်းထားပြီး တောင်သူလယ်သမားများအနေနဲ့ အဆင်မပြေမှုများရှိပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်ရှိ စားသုံးသူရေးရာဦးစီးဌာနသို့ သတင်းပို့တိုင်ကြားနိုင်ပြီဖြစ်ပါတယ်။ ဒါ့အပြင် တောင်သူလယ်သမားများအနေဖြင့် လယ်ယာသုံးစက်ကိရိယာ အပိုပစ္စည်းများ အလွယ်တကူ ဝယ်ယူရရှိနိုင်ရေး၊ ထုတ်လုပ်တင်သွင်းသူများနှင့် ဝယ်ယူအသုံးပြုသူများအကြား နှစ်ဦးနှစ်ဖက် မျှတစွာ အကျိုးဖြစ်ထွန်းစေရေးအတွက် ရည်ရွယ်ပြီး ပြည်တွင်းရှိ လယ်ယာသုံး စက်ကိရိယာ ထုတ်လုပ်၊ တင်သွင်းရောင်းချသူများပါဝင်တဲ့ မြန်မာနိုင်ငံ လယ်ယာသုံးစက်ကိရိယာ

ထုတ်လုပ်၊ တင်သွင်း၊ ဖြန့်ဖြူးရောင်းချသူများအသင်း(ယာယီ)ကို ၉-၁၀-၂၀၁၉ ရက်နေ့မှာ ဖွဲ့စည်းခဲ့ပါတယ်။

တတိယပိုင်းအနေနဲ့ နိုင်ငံတော်အတွင်းရှိ ပုဂ္ဂလိက လယ်ယာဝန်ဆောင်မှုအသင်းအဖွဲ့များ၏ အခန်းကဏ္ဍနဲ့ သက်ဆိုင်ရာ အစိုးရဝန်ကြီးဌာန အဖွဲ့အစည်းများရဲ့ ပံ့ပိုးကူညီဆောင်ရွက်မှုများကို တင်ပြလိုပါတယ်။ လယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်တဲ့ တောင်သူလယ်သမားများ ပါဝင်သည့် ပုဂ္ဂလိက လယ်ယာဝန်ဆောင်မှုအသင်းအဖွဲ့များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနကနေပြီးတော့ ကူညီဆောင်ရွက် ပေးလျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် (၁၃)ခုရှိ မြို့နယ်ပေါင်း (၉၇)ခုတို့၌ ပုဂ္ဂလိကလယ်ယာ ဝန်ဆောင်မှုအသင်း စုစုပေါင်း (၁၂၄)သင်း ဖွဲ့စည်းနိုင်ခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါ အသင်းအဖွဲ့များမှလည်း လယ်ယာသုံးစက်ကိရိယာများ၏ အရည်အသွေးဆိုင်ရာ သေချာမှုများနဲ့ ပတ်သက်ပြီး သက်ဆိုင်ရာဌာနများနဲ့ ပူးပေါင်းဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အကျဉ်းချုပ်အားဖြင့် ပြန်လည်တင်ပြရမယ်ဆိုရင် လယ်ယာသုံး စက်ကိရိယာများ အရည်အသွေးမီ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးအတွက် နိုင်ငံပိုင် လယ်ယာသုံးစက်ကိရိယာထုတ်လုပ်ရေး စက်ရုံများကို အစိုးရ-ပုဂ္ဂလိက အကျိုးတူပူးပေါင်းဆောင်ရွက်မှု(PPP)နည်းလမ်းများဖြင့် လည်ပတ်နိုင်ရန် စီစဉ်လျက်ရှိပြီး လယ်ယာသုံးစက်ပစ္စည်းများ စံချိန်စံညွှန်း ပြည့်မီစေရေးအတွက် မော်တော်ယာဉ်နှင့် လယ်ယာသုံးစက်ပစ္စည်းများ ထုတ်လုပ်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးအဖွဲ့က စစ်ဆေးလျက်ရှိသည့်အပြင် လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူတဲ့အခါမှာ တောင်သူလယ်သမားများ ကြုံတွေ့ရတဲ့ အဆင်မပြေမှုများကို ဖြေရှင်းပေးနိုင်ရန် စုံစမ်းစစ်ဆေးရေးအဖွဲ့များကိုလည်း ဖွဲ့စည်းပြီး စိစစ်ကြပ်မတ်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဦးလှမြင့်(ခ)ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ ပြည့်ပြည့်စုံစုံ ဖြေကြားပေးတဲ့ ဒုတိယဝန်ကြီးကို ကျေးဇူးတင်ပါတယ်။ ကျွန်တော် ဆက်စပ်မေးခွန်း(၂)ခု မေးပါမယ်။ တစ်ခုကတော့ လွန်ခဲ့တဲ့ (၁)နှစ်ကျော်ကတည်းက KIC Company ဟာ မွန်ပြည်နယ် ကို (၂)ကြိမ်တိုင် လာရောက်ဆက်သွယ်ခဲ့ကြောင်းနဲ့ MoU ထိုးတဲ့အဆင့် မရောက်သေးလို့ KIC Company က ပြန်သွားတယ်လို့ သိရပါတယ်။ ပြည်ထောင်စုဝန်ကြီး ဖြေတဲ့နေရာမှာတော့ KIC Company နဲ့ ညှိနှိုင်းဆဲလို့ သိရပါတယ်။ ဒါကြောင့် ညှိနှိုင်းဆောင်ရွက်မှုဟာ ဘယ်အဆင့် ရောက်နေပြီဆိုတာ သိလိုပါတယ်။ ဒုတိယဆက်စပ်မေးခွန်းကတော့ ပြည်တွင်း Nilar အုပ်စုကလည်းပဲ သိမ်ဇရပ်မြို့ စစ်တောင်းစက္ကူစက်ဟောင်းမှာ အလုပ်လုပ်ဖို့ မွန်ပြည်နယ်အစိုးရနဲ့ လာရောက်ဆက်သွယ်တယ်လို့ ကြားသိနေရပါတယ်။ ဒါကြောင့် မည်သည့်အခြေအနေရှိကြောင်း သိလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒေါက်တာမင်းရဲပိုင်ဟိန်း (ဒုတိယဝန်ကြီး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန)။** ။ ကျွန်တော့်အနေနဲ့ ပထမမေးခွန်းနဲ့ ပတ်သက်ပြီး ပြန်လည်ဖြေကြားရမယ်ဆိုရင် Korea Industrial Complex နဲ့ပတ်သက်ပြီးတော့ မွန်ပြည်နယ်အစိုးရကို ပြန်လည်မေးမြန်းဖို့ လုပ်သွားမှာဖြစ်ပါတယ်။ ဒုတိယမေးခွန်းကတော့ Nilar Holdings Company Limited နဲ့ပတ်သက်ပြီးတော့ လက်ရှိဆောင်ရွက်နေတဲ့ အခြေအနေတွေကတော့ သူတို့ အဆိုပြုလွှာတွေကို (Swiss Challenge) ပြုလုပ်ဖို့အတွက် ပြင်ဆင်ရမှာဖြစ်ပါတယ်။ ဒါကတော့ အပြည်ပြည်ဆိုင်ရာနဲ့ ချိတ်ဆက်ပြီးတော့ ဆောင်ရွက်ဖို့အတွက် ပြင်ဆင်နေပါတယ် ခင်ဗျား။

**အချိန်၊ ၁၀:၃၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်(၃)ဦး မေးမြန်းတဲ့ မေးခွန်းများဟာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ပိန်းနဲကုန်းကျေးရွာအုပ်စုရှိ မြေဧရိယာ (၁၆.၆၁)ဧကတွင် ခနောက်စိမ်း သတ္တုအသေးစား ထုတ်လုပ်ခွင့်ရရှိထားသော သတ္တုကုမ္ပဏီမှာ (၃၁-၁-၂၀၁၉) ရက်နေ့တွင် ခွင့်ပြုမိန့်လိုင်စင်သက်တမ်း ကုန်ဆုံးနေပြီဖြစ်သော်လည်း ခွင့်ပြုချက်မရှိ ဆက်လက်တူးဖော်နေခြင်းနှင့် လုပ်ငန်းမြေနေရာအား သတ္တုတွင်းပိတ်သိမ်းမှုကို ဥပဒေပါအတိုင်း မြေယာပြုပြင် ထိန်းသိမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ လုပ်ဆောင်ခြင်းမရှိ ပျက်ကွက်နေမှုအပေါ် မည်သို့စီမံ အရေးယူဆောင်ရွက်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၃၇။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၃၇။**

**ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါရှင်။ ကျွန်မက မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နွယ်အောင် ဖြစ်ပါတယ်။ အခု ကျွန်မ မေးခွန်း မေးရတဲ့အကြောင်းရင်းနဲ့ ပတ်သက်ပြီးတော့ လွန်ခဲ့တဲ့နှစ် (၁၁)လပိုင်းက ကျွန်မရဲ့ မဲဆန္ဒနယ် ပြန်ရောက်တဲ့အချိန်မှာ သွေးသောက်ရပ်ကွက်နေ မဲဆန္ဒရှင်(၁)ဦးကနေပြီးတော့ သူတို့ရပ်ကွက်ထဲမှာ နေ့တိုင်း မိုင်းခွဲတဲ့အသံတွေ ကြားနေရပြီးတော့ အိမ်တွေ၊ ကျောင်းတွေ တုန်ခါနေလို့ လာကြည့်ပေးပါလို့ ပြောတဲ့အတွက် သွားကြည့်တဲ့အချိန်မှာ

တောင်ကို ဖောက်ပြီးတော့ မိုင်းခွဲထားတဲ့အနေအထားကို တွေ့ရပါတယ်။ Power Point အသုံးပြုခွင့် တောင်းခံအပ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ အခုပုံကတော့ မိုင်းခွဲပြီးတော့ သတ္တုတူးဖော်ရန် တပ်ဆင်ထားတဲ့ တောင်ကို ဖောက်လုပ်ထားတဲ့ပုံ ဖြစ်ပါတယ်။ အဲဒီကုမ္ပဏီက အစောင့်တွေကို မေးကြည့်တဲ့အချိန်မှာ မြန်မာ စကြာ်ဝဠာတစ်ပေါင်းတည်း သတ္တုကုမ္ပဏီလီမိတက်ကနေပြီးတော့ ခနောက်စိမ်း တူးဖော်နေတာ ဖြစ်တယ်ဆိုပြီးတော့ ပြောပါတယ်။ သူတို့ရဲ့ သတ္တုတူးဖော်ခွင့်လိုင်စင်ကို တောင်းကြည့်တဲ့အခါမှာ သက်ဆိုင်ရာဝန်ကြီးဌာနက လုပ်ကိုင်ခွင့်ပြုတဲ့ကာလကတော့ ၃၁-၁-၂၀၁၈ ရက်နေ့မှ ၃၀-၁- ၂၀၁၉ ရက်နေ့အထိ ဖြစ်ပြီးတော့ ခွင့်ပြုသက်တမ်း ကုန်ဆုံးနေပေမယ်လို့ ဆက်လက်ပြီးတော့ တူးဖော် နေတယ်ဆိုတာကို တွေ့ရှိရပါတယ်ရှင်။

ဖော်ပြပါကုမ္ပဏီဟာ တစ်နေ့ကို (၂)ကြိမ်ကနေ (၃)ကြိမ်အထိ မိုင်းခွဲခြင်းကို ပြုလုပ်တဲ့ အချိန်မှာ လူနေရပ်ကွက်နဲ့ ပေ(၂၀၀)သာ ကွာဝေးပြီးတော့ အနီးပတ်ဝန်းကျင်မှာ သွေးသောက်ကျေးရွာ မူလတန်းကျောင်း တည်ရှိနေပြီးတော့ ဘုန်းကြီးကျောင်းတွေနဲ့လည်း နီးကပ်တဲ့အတွက် ဖောက်ခွဲမှု ပြုလုပ်တိုင်းမှာ နေအိမ်နဲ့ ကျောင်းတွေဟာ တုန်ခါမှုတွေဖြစ်ပေါ်စေပြီးတော့ လူတွေကိုလည်း ထိတ်လန့်မှု ဖြစ်ပေါ်စေတယ်လို့ သိရှိရပါတယ်ရှင်။ ကျွန်မတို့ မွန်ပြည်နယ်မှာ မကြာသေးတဲ့ မိုးတွင်း ကာလက မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ မုတ္တမမြို့၊ သဲဖြူကုန်းကျေးရွာဟာ မလတ်တောင်(ခ)ရဲဖျား တောင် မြေပြိုမှုဖြစ်ပွားပြီးတော့ လူအမြောက်အမြား သေဆုံးကြရခြင်း အလားတူ တောင်ဝိုင်းတောင် ဟာလည်း မြေပြိုမှုတွေဖြစ်ပွားပြီးတော့ ဇေယျာသိဒ္ဓိဘုန်းကြီးကျောင်း ပြိုကျပျက်စီးတာ ဖြစ်ခဲ့လို့ လူတွေက ပိုပြီးတော့ စိုးရိမ်ထိတ်လန့်မှုတွေ ဖြစ်နေရပါတယ်။ ဒီပုံတွေကတော့ မုတ္တမ ရဲပြားတောင် ပြိုတဲ့ပုံနဲ့ နောက် ဒါကတော့ အခုလက်ရှိ သတ္တုတွင်းတူးဖော်နေတဲ့ တောင်ဝိုင်း တောင်မှာ တောင်ပြို ခဲ့တဲ့အနေအထား ဖြစ်ပါတယ်။ ဇေယျာသိဒ္ဓိဘုန်းကြီးကျောင်း ပြိုသွားတဲ့အနေအထား ဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ဒီလို မိုင်းခွဲပြီးတော့ သတ္တုရှာဖွေမှုတွေကြောင့် တောင်ဝိုင်းတောင်မှာ သာမန် အိမ်(၁)လုံးနီးပါး တွင်းပေါက်ကြီးတွေဖြစ်ပြီးတော့ အောက်ခြေအတွင်းပိုင်းအထိ လိုဏ်ခေါင်းကြီးတွေ ကြီးမားစွာ ဖြစ်ပေါ်နေခြင်း၊ တွင်းရဲ့ အောက်ခြေမှာ ရေကြောများ ပေါက်ထွက်နေခြင်း စတဲ့ သဘာဝ ဘေးအန္တရာယ်၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုတွေကို ကျွန်မတို့ မြင်တွေ့ခဲ့ရပါတယ်ရှင်။ မြန်မာ စကြာ်ဝဠာတစ်ပေါင်းတည်းသတ္တုကုမ္ပဏီဟာ ၃၁-၁-၂၀၁၉ ရက်နေ့မှာ ခွင့်ပြုမိန့်သက်တမ်း ကုန်ဆုံး နေပြီးဖြစ်ပါလျက်နဲ့ ဥပဒေအရဆိုရင် ဒီခွင့်ပြုမိန့်ကုန်ဆုံးပြီး နောက်တစ်ရက်မှာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကို ခွင့်ပြုမိန့် ပြန်လည်အပ်နှံရမှာဖြစ်ပေမယ်လို့ ပြန်လည်အပ်နှံခြင်းမရှိဘဲနဲ့ ၂၀၁၉ ခုနှစ်၊ ၁၁ လပိုင်းအထိ ဆက်လက်တူးဖော်နေခြင်း ဖြစ်ပါတယ်။ ဝန်ကြီးဌာနက အကြိမ်ကြိမ် တောင်းဆိုမှ ကျွန်မတို့ ၈-၁၀-၂၀၁၉ ရက်နေ့မှာမှ ဒီခွင့်ပြုမိန့်ကို ပြန်လည်အပ်နှံခဲ့တယ်လို့ စုံစမ်းတဲ့အခါမှာ သိရှိရပါတယ်ရှင်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၁၃၊ ပုဒ်မခွဲ(င-၂)အရ ဆိုရင် ဓာတ်သတ္တု တူးဖော်ထုတ်လုပ်မှုလုပ်ငန်း ပြီးဆုံးတဲ့အချိန်မှာ ဒါမှမဟုတ် ပိတ်သိမ်းတဲ့အချိန်မှာ လုပ်ငန်းမြေနေရာတွေကို သတ္တုတွင်းပိတ်သိမ်းမှု အစီအစဉ်ပါအတိုင်း မြေယာပြုပြင်ပေးရပါမယ်။ ထိန်းသိမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းတွေကိုလည်းပဲ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ပေးရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ဒါပေမယ့်လို့ အဲဒီကုမ္ပဏီဟာ မြေယာပြုပြင်မှုတွေ ဘာမှလုပ်ဆောင်ပေးထားခြင်းမရှိဘဲ ပူးတွဲပါပုံမှာ ပြထားတဲ့အတိုင်း အန္တရာယ်ရှိတဲ့အနေအထားနဲ့ ထားရှိခဲ့တာကို တာဝန်ရှိသူများနဲ့ သွားရောက်စစ်ဆေးတဲ့အချိန်မှာ တွေ့ရှိခဲ့ရပါတယ်ရှင်။ ကျွန်မအနေနဲ့ တာဝန်ရှိသူတွေနဲ့ သွားပြီးတော့ စုံစမ်းတဲ့အချိန်မှာ သိရှိရတာက မူလတူးဖော်ခွင့်ရရှိထားတဲ့နေရာက ကျိုက်မရောမြို့နယ်၊ ပိန်းနဲကုန်းကျေးရွာအပိုင်းမှာ တူးဖော်ခွင့်ပြုထားတာ ဖြစ်ပါတယ်။ ဒါပေမယ့်လို့ ပိန်းနဲကုန်းကျေးရွာအပိုင်းမှာ တူးဖော်ခြင်း မဟုတ်ဘဲနဲ့ ကျွန်မတို့ လူနေရပ်ကွက်နှင့် ကပ်နေတဲ့ မော်လမြိုင်မြို့၊ သွေးသောက်ရပ်ကွက်ဘက်မှာ လာရောက်တူးဖော်ခြင်း ဖြစ်တယ်လို့လည်း ထပ်မံ သိရှိရပါတယ်။

ဒါကြောင့်မို့လို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေနဲ့ ကျွန်မတို့ မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ပိန်းနဲကုန်းကျေးရွာအုပ်စုရှိ မြေဧရိယာ(၁၆.၆၁)ဧကမှာ ခနောက်စိမ်းသတ္တု အသေးစားထုတ်လုပ်ခွင့်ရရှိထားတဲ့ သတ္တုကုမ္ပဏီဟာ ၃၁-၁-၂၀၁၉ ရက်နေ့မှာ ခွင့်ပြုမိန့်လိုင်စင်သက်တမ်း ကုန်ဆုံးပြီးဖြစ်ပေမယ့်လို့ ပြန်လည်အပ်နှံခြင်း မရှိဘူး။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုလည်း ပြုလုပ်ခြင်းမရှိတဲ့အတွက် ဝန်ကြီးဌာနအနေနဲ့ မည်သို့စီမံ အရေးယူဆောင်ရွက်မည်ကို သိရှိလိုကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်ရှင်။ အားလုံးကျေးဇူးတင်ပါတယ်။

တောင်ကို ဖောက်လုပ်ထားပြီး သတ္တုတူးဖော်ရန်တပ်ဆင်ထားသည့် မိုင်းတွင်း မြင်ကွင်းပုံ (ထ)



တောင်ဝိုင်းတောင် မြေပြိုမှု မြင်ကွင်းပုံ (ထ-၁)



တွင်း၏ အောက်ခြေတွင် ရေကြောများ ပေါက်ထွက်နေသည့် မြင်ကွင်းပုံ (ထ-၂)



**ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော ဆိုးကျိုးသက်ရောက်မှုများ လျော့ပါးစေရေးအတွက် မည်သို့စီမံ ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၄၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၄၂။**

**ဦးကျော်တုတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ် ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းဂါရဝပြု နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော ဆိုးကျိုးသက်ရောက်မှုများ

လျော့ပါးစေရေးအတွက် မည်သို့စီမံ ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်း မေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စက်မှုတော်လှန်ရေးခေတ် ၁၈၈၀ ပြည့်နှစ်တွေကထက် ယခုအခါ ကမ္ဘာ့အပူချိန်မှာ (၁.၁)ဒီဂရီစင်တီဂရိတ် မြင့်တက်လာခဲ့ပြီး သမုဒ္ဒရာရေမျက်နှာပြင်ကလည်းပဲ (၈)လက်မအထိ မြင့်တက်လာခဲ့တယ်လို့ ဆိုပါတယ်။ ၁၉၇၀ ပြည့်နှစ်မှ ၁၉၉၀ ပြည့်နှစ်အတွင်း ရာသီဥတုပြောင်းလဲမှုဟာ သိသိသာသာကြီးထွားလာကာ ကမ္ဘာ့နိုင်ငံအများအပြားဟာ နိုင်ငံတစ်ခုချင်း ဒေသတွင်းကျရောက်မယ့် သဘာဝဘေးအန္တရာယ် လျှော့ချရေးနည်းလမ်းများကို စတင်အကောင်အထည်ဖော်ခဲ့ကြပါတယ်။ ၂၀၁၅ ခုနှစ် ရာသီဥတုဖောက်ပြန်မှုဆိုင်ရာ ပါရီစာချုပ်အသက်ဝင်လာပြီး ကမ္ဘာ့နိုင်ငံပေါင်းစုအဖွဲ့ (၁၅၀)နီးပါးက တရားဝင်ဆုံးဖြတ်ချက်များဖြင့် စာချုပ်ကို အတည်ပြုခဲ့ကြပါတယ်။ ၂၀၁၅-၂၀၃၀ ပြည့်နှစ် ကမ္ဘာလုံးဆိုင်ရာရေရှည်ဖွံ့ဖြိုးမှုပန်းတိုင် SDG (၁၇)ရပ်မှာလည်း ရာသီဥတုပြောင်းလဲခြင်းနှင့် ၎င်း၏ အကျိုးသက်ရောက်မှုများလျော့ပါးရေးအတွက် အရေးကြီးလုပ်ငန်းစဉ်များ ဆောင်ရွက်ရေးဟု ပါရှိပါတယ်။

ပြီးခဲ့တဲ့နှစ်ပိုင်းက စပိန်နိုင်ငံ၊ မဒရစ်မြို့မှာကျင်းပတဲ့ (၂၅)ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂရာသီဥတုပြောင်းလဲခြင်းဆိုင်ရာကွန်ဖရန့်မှာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ကမ္ဘာ့အစိုးရများအားရာသီဥတုပြောင်းလဲမှုကိုရင်ဆိုင်ရေး သတ္တိမွေးထားကြရန် တိုက်တွန်းစကား ပြောကြားသွားခဲ့ပါတယ်။ ကမ္ဘာ့ဘဏ်ရဲ့ လေ့လာမှုမှတ်တမ်းတွေအရ ၂၀၃၀ ပြည့်နှစ်မှာ ရာသီဥတုပြောင်းလဲမှုကြောင့်ဆင်းရဲပင်ပန်းစွာ အသက်ရှင်နေထိုင်ရမယ့် ကမ္ဘာ့လူဦးရေဟာ သန်း(၁၀၀)ကျော် ရှိလာမည်ဖြစ်ကြောင်း ၂၀၁၉ ခုနှစ် ကောက်ယူခဲ့တဲ့ စာရင်းအရ အာဟာရဓာတ်ပြတ်လပ်သူဦးရေ (၁)ဘီလီယံကျော်ရှိပြီး ကလေးသူငယ် သန်း(၂၀၀)ခန့် ဖွံ့ဖြိုးမှုချို့တဲ့ခြင်းနှင့် ရင်ဆိုင်ခဲ့ရတယ်လို့ သိရှိရပါတယ်။ လူဦးရေသိန်းချီသေဆုံးခဲ့သော မုန်တိုင်းများ၊ မြေပြိုမှုများ၊ မိုးခေါင်ရေရှားမှုများ အပြင်းထန်ဆုံးခံရတဲ့နိုင်ငံများစာရင်းမှာ ဟွန်ဒူးရပ်စ်၊ ဟေတီနိုင်ငံတို့နှင့်အတူ မြန်မာနိုင်ငံသည်လည်း ထိပ်ဆုံးကရပ်တည်ခဲ့တယ်လို့ ဆိုပါတယ်။

ရာသီဥတုပြောင်းလဲမှုဒဏ်ကို ကမ္ဘာမှာ မြန်မာနိုင်ငံဟာ ဒုတိယအခံရဆုံးနိုင်ငံဟု German Watch က ထုတ်ပြန်မှုအရ သိရှိရပါတယ်။ ရာသီဥတုပြောင်းလဲ၍ ဆုံးရှုံးသော ငွေပမာဏသည်မြန်မာနိုင်ငံ အသားတင်ရငွေ၏ (၂.၅၅)ရာခိုင်နှုန်းရှိကြောင်း၊ ရာသီဥတုပြောင်းလဲမှု၏ နောက်ဆက်တွဲသဘာဝဘေးအန္တရာယ်ကြောင့် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ (၇၀၇)မီလီယံ ဆုံးရှုံးနစ်နာခဲ့တယ်လို့ အာရှဖွံ့ဖြိုးရေးဘဏ် ထုတ်ပြန်မှုအရ သိရှိရပါတယ်။ ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုဒဏ်ကိုဆိုးရွားစွာခံရတဲ့ နိုင်ငံများစာရင်းမှာ မြန်မာနိုင်ငံဟာ ထိပ်တန်းမှ ပါဝင်နေသလို ရေအရင်းအမြစ်ကြွယ်ဝမှုမှာလည်းပဲ ကမ္ဘာ့ထိပ်တန်းနိုင်ငံများစာရင်းမှာ ပါရှိပါတယ်။ ဒါကြောင့် အချိန်အခါနှင့်ဒေသအလိုက် မိုးရွာသွန်းမှု ကွာခြားချက်ကြီးမားခြင်းကြောင့် ရေအရင်းအမြစ်တို့ကို အကျိုးရှိရှိ

ထိရောက်စွာ သုံးစွဲနိုင်ဖို့ စနစ်တကျထိန်းသိမ်းရန် အစီအမံများ လိုအပ်ကြောင်း အထင်အရှား ပြဆိုနေတာဖြစ်ပါတယ်။ ကမ္ဘာ့အပူချိန် (၁)ဒီဂရီတိုးလာတိုင်း မျိုးစိတ်များ (၁၀)ရာခိုင်နှုန်းခန့် မျိုးတုံးပျောက်ကွယ်ပျက်စီးခြင်းနှင့် ရင်ဆိုင်နေရတယ်လို့ အဆိုရှိသလို ရာသီဥတု ပြောင်းလဲခြင်းကြောင့် သစ်တောဂေဟစနစ်နှင့် ဂေဟဗေဒစနစ်မျိုးစုံ ထိခိုက်စေတာ သိသာထင်ရှားနေပါတယ်။ သစ်တော၊ သစ်ပင်များ၊ လူမှုအသိုင်းအဝိုင်းများနှင့် လိုက်လျောညီထွေနေနိုင်ခြင်းဟာ ရာသီဥတုပြောင်းလဲမှုကို တန်ပြန်အကျိုးသက်ရောက်စေလို့ ဇီဝမျိုးစုံမျိုးကွဲများနှင့် သစ်တောဂေဟစနစ်ဆိုင်ရာ လုပ်ငန်းစဉ်များကို ကာကွယ်ထိန်းသိမ်းထားရှိခြင်းဟာ အရေးပါသောအကြောင်းတစ်ရပ် ဖြစ်ပါတယ်။ အနာဂတ်အခြေအနေများအပေါ် ခန့်မှန်းတွက်ချက် ပြုမူခြင်းဟာ ခိုင်မာမှုမရှိသောကြောင့် ထိခိုက်ပျက်စီးလွယ်မှုအား လျှော့ချရန်နှင့် မျိုးစုံသောထိခိုက်မှု၊ ဒဏ်ခံနိုင်မှု စွမ်းဆောင်ရည်ရှိစေရန်သာ ရည်ရွယ်ထားတဲ့ နည်းလမ်းများ၊ လုပ်ငန်းစဉ်များသည် ပိုမိုလက်တွေ့ကျတဲ့ အကျိုးသက်ရောက်မှုရှိတယ်လို့ ခန့်မှန်းပါတယ်။

၂၀၁၁ ခုနှစ်က ထိုင်းနိုင်ငံမှာ ထူးကဲစွာ ရေကြီးခဲ့မှုကြောင့် အမေရိကန်ဒေါ်လာ (၄၇) ဘီလီယံတန်ဖိုး ဆုံးရှုံးမှုနှင့်ကြုံခဲ့ရပြီး ယင်းအဖြစ်ကို ရင်ဆိုင်ရန် ဒေါ်လာ(၉)ဘီလီယံ သုံးစွဲပြီး ရေကြီးရေလျှံ ကာကွယ်ရေးလုပ်ငန်းများမှာ ကြိုတင်သုံးစွဲခဲ့တဲ့ သာဓကကို သတိပြုမိစေလိုပါတယ်။ သို့ဖြစ်ပါ၍ ၂၀၁၆ ခုနှစ်၊ ဇွန်လမှာ အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပြီး ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်ပေါ်လာသော ဆိုးကျိုးသက်ရောက်မှုများ လျော့ပါးစေရေးအတွက် ဌာနပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှာ မည်သို့စီမံဆောင်ရွက်နေသည်ကို သိရှိလိုပါ၍ ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်တွင် ၁၉၉၅ – ၁၉၉၆ ခုနှစ်က သဖန်းဆိပ်ဆည်စီမံကိန်း တည်ဆောက်မှုကြောင့် ရွှေ့ပြောင်းခဲ့ရသည့် လယ်သမားများအား အစားထိုးပေးသည့် မြေယာများ နှစ်ပေါင်း(၂၄)နှစ်ကျော် လုပ်ကိုင်ခဲ့သော်လည်း ပုံစံ(၇) မရရှိခြင်းကြောင့် ပုံစံ(၇) ရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၄၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဝင်းအောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၄၇။**

**ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်

ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းအောင် ဖြစ်ပြီးတော့ အစီအစဉ် နံပါတ်(၅) မေးခွန်းနံပါတ်(စ)ကို မေးမြန်းမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မြေ (၄)မြို့နယ်ထဲမှာ အပါအဝင်ဖြစ်တဲ့ ကျွန်းလှမြို့နယ်ဟာ ၁၉၉၅ – ၁၉၉၆ ခုနှစ်က ကျွန်းလှမြို့ အပါအဝင် ကျေးရွာပေါင်း (၇၃)ရွာဟာ သဖန်းဆိပ်ဆည်စီမံကိန်းကြောင့် ရွှေ့ပြောင်းခံခဲ့ကြရတာဖြစ်ပါတယ်။ ဒီလို ရွှေ့ပြောင်းကြရတဲ့နေရာမှာ ကိုယ့်အိမ်ကိုယ်ဖျက်၊ ကိုယ့်ရွာကိုယ်ရွှေ့၊ ကိုယ့်လယ်ကိုယ်ခုတ်ထွင် တည်ကျင်းပြီးတော့၊ ကိုယ့်ရွာကိုယ်ထွင်ခဲ့ကြရတာဖြစ်ပါတယ်။ ဘာလျော်ကြေး၊ နစ်နာကြေးမှ တစ်စုံတရာ ရရှိခဲ့တာမရှိပါဘူး။ ဘာမှလည်း တောင်းဆိုမှုမရှိပါဘူး။ သူတို့ တောင်းဆိုနေတာ ပုံစံ(၇) ရရှိရေးအတွက် သစ်တောမြေ ပယ်ဖျက်ပေးဖို့ဖြစ်ပါတယ်။ လယ်မြေဧကပေါင်း (၇၄၈၇.၉၁)ဧကနှင့် ယာမြေဧက(၂၆၇၄၆.၇၇) ဧကကို ကြိုးဝိုင်းကြိုးပြင် ကာကွယ်တော(၄)ခုအတွင်းမှာ အစိုးရက ချထား ပေးခဲ့တာဖြစ်ပါတယ်။ ဒီနေရာမှာမနေနဲ့။ ဟိုနေရာမှာနေဆိုလို့ ရွှေ့ပြောင်းခဲ့ကြတာ ဖြစ်ပါတယ်။ တမင်ကျူးကျော် နေထိုင်လုပ်ကိုင်ခြင်း မဟုတ်ပါဘူး။ ဘိုးစဉ်ဘောင်ဆက် နေထိုင်လုပ်ကိုင်ခဲ့ကြတဲ့ မြေဆီမြေနှစ် ကောင်းတဲ့ လယ်မြေ၊ ယာမြေတွေကို ဆည်ရေပြင်အောက်မှာ စွန့်ထားခဲ့ကြပြီးတော့ အင်တိုင်းကုန်းပေါ်မှာ လယ်တွေယာတွေ တီထွင်ပြီးနေခဲ့ကြတဲ့အခါမှာ ဒီလယ်မြေ ယာမြေတွေကိုတော့ သစ်တောမြေက ပယ်ဖျက်မပေးနိုင်ဘူးလို့ဆိုတာက ခေတ်စကားနဲ့ပြောရရင် ဒါ နည်းနည်းတော့ များသွားပြီ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လူမှုရေး တရားမျှတမှုဆုံးရှုံးနေတာကို ဖြည့်ဆည်းပေးနိုင်ဖို့အတွက် တင်ပြခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာမှာ ရေတမံများနဲ့ ပတ်သက်လို့ သုတေသနပြုထားတဲ့စစ်တမ်း (၄၄)စောင်မှာ ရွှေ့ပြောင်းခံရတဲ့သူများဟာ ရွှေ့ပြောင်းခံရသူများရဲ့ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအခြေအနေဟာ ပိုမိုဆိုးဝါးလာတယ်လို့ ဆိုပါတယ်။ ကျွန်းလှမြို့နယ်မှာရှိတဲ့ ကျေးရွာ (၇၃)ရွာမှာရှိကြတဲ့ မိသားစုဝင်ပေါင်း (၅၀၀၀၀)ကျော်ဟာ သူတို့ရဲ့ အေးချမ်းတဲ့ အသိုက်အမြုံနဲ့ လယ်မြေ၊ ယာမြေတွေကို ဆည်ရေတွေအောက်မှာ မြှုပ်နှံခဲ့ကြပြီးဖြစ်ပါတယ်။ ထားရာမှာနေ၊ စေရာမှာသွားပြီးတော့ ဘဝသစ်ကိုလည်း တည်ဆောက်ခဲ့ကြပြီဖြစ်ပါတယ်။ ယခုအချိန်မှာ သူတို့ရဲ့ မီးဖိုချောင်မှာ တည်ထားတဲ့ ထမင်းအိုးလေးတွေ ကျကွဲမသွားဖို့အတွက် သစ်တောမြေ ပယ်ဖျက်ပြီးတော့ ပုံစံ(၇)ရရှိရေး ဆောင်ရွက်ပေးမယ်ဆိုရင် ချေးငွေမရရှိတဲ့ဒုက္ခ၊ အမွေဆက်ခံလွှဲပြောင်းခွင့်ဆုံးရှုံးနေတဲ့ဒုက္ခများ ကင်းပျောက်ကြမှာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ သဖန်းဆိပ်ဆည် စီမံကိန်းကြောင့် ရွှေ့ပြောင်းကြရတဲ့ တောင်သူများဟာ သူတို့ကို အစားထိုး ချထားပေးတဲ့နေရာမှာ (၂၄)နှစ်ကြာ လုပ်ကိုင်ခဲ့တဲ့ လယ်မြေ၊ ယာမြေများကို သစ်တောမြေမှ ပယ်ဖျက်ပေးနိုင်အောင် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ အားကိုးစွာနဲ့ မေးမြန်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၅၀။**

**ဥက္ကဋ္ဌ။** ။မေးခွန်းများနဲ့ ပတ်သက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၅၀။**

**ဒေါက်တာရဲမြင့်ဆွေ(ဒုတိယဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နွယ်အောင် ရဲ့ မေးခွန်းကို မွန်ပြည်နယ်အစိုးရအဖွဲ့နဲ့ ပူးပေါင်းပြီးတော့မှ ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ မှ ဖြေကြားသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါရန် တင်ပြအပ်ပါတယ်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ်(၁) သတ္တုတွင်းလုပ်ငန်းနှင့် မြန်မာစကြာ်ဝဠာတစ်ပေါင်းတည်းသတ္တုကုမ္ပဏီလီမိတက်တို့ဟာ မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ပိန်းနဲကုန်းကျေးရွာအုပ်စု မြေဧရိယာ (၁၆.၆၁)ဧကမှာ ခနောက်စိမ်းသတ္တု အသေးစားထုတ်လုပ်မှု လုပ်ကွက်ကို ၃၁-၁-၂၀၁၂ ရက်နေ့မှ ၃၁-၁-၂၀၁၅ ရက်နေ့အထိ (၃)နှစ်သက်တမ်း ခဲတ်သတ္တု အသေးစားထုတ်လုပ်ရန် စာချုပ် ချုပ်ဆိုပြီး ခွင့်ပြုမိန့်ထုတ်ပေးခဲ့ပါတယ်။ နောက်ထပ်လည်း ၃၁-၁-၂၀၁၅ ရက်နေ့မှ ၃၀-၁-၂၀၁၉ ရက်နေ့အထိ (၁)နှစ်စီနဲ့ သက်တမ်းတိုး(၄)ကြိမ် ခွင့်ပြုမိန့်နဲ့ ဆောင်ရွက်ခဲ့ပါတယ်။ ကုမ္ပဏီက ၃၀-၁-၂၀၁၉ ရက်နေ့ စတုတ္ထအကြိမ်သက်တမ်းတိုး ကုန်ဆုံးတဲ့နေ့မှစပြီး ခနောက်စိမ်းသတ္တုရိုင်းများ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို ရပ်ဆိုင်းရန် သတ္တုတွင်းဥပဒေ၊ နည်းဥပဒေနှင့်အညီ ခနောက်စိမ်းအလတ်စားထုတ်လုပ်မှု ခွင့်ပြုမိန့်ရရှိမှသာ ဆက်လက်ဆောင်ရွက်သွားရန် အမှတ်(၁)သတ္တုတွင်းလုပ်ငန်းရဲ့ ၂၄-၁-၂၀၁၉ ရက်စွဲပါစာနှင့် ကုမ္ပဏီကို အကြောင်းကြားခဲ့ပါတယ်။

သတ္တုတွင်းဦးစီးဌာနကလည်း ၂၃-၉-၂၀၁၉ ရက်စွဲပါစာနှင့် ခွင့်ပြုမိန့်(မူရင်း) ပြန်လည်အပ်နှံရန် ကုမ္ပဏီသို့ အကြောင်းကြားခဲ့ရာ ကုမ္ပဏီက ၈-၁၀-၂၀၁၉ ရက်နေ့မှာ ခွင့်ပြုမိန့်ကို ပြန်လည်အပ်နှံပြီးဖြစ်ပါတယ်။ ကုမ္ပဏီဟာ ခနောက်စိမ်း အသေးစားတူးဖော်ခြင်းမှ အလတ်စားတူးဖော်ထုတ်လုပ်မှုလုပ်ငန်းသို့ ကူးပြောင်းဆောင်ရွက်နိုင်ခြင်းမရှိတဲ့အတွက် လုပ်ကွက်ကို ပြန်လည်အပ်နှံရန် ၁၄-၁၁-၂၀၁၉ ရက်နေ့တွင် အမှတ်(၁)သတ္တုတွင်းလုပ်ငန်းသို့ တင်ပြလာခဲ့ပါတယ်။ အဆိုပါလုပ်ကွက်ပြန်လည်အပ်နှံခြင်းအတွက် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ကိုလည်း ဖွဲ့စည်းခဲ့ပြီး လုပ်ကွက်သို့

၂၅-၁၂-၂၀၁၉ ရက်နေ့မှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နွယ်အောင်၊ ကျိုက်မရော မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖုန်းမြင့်နိုင် တို့နှင့်အတူ မြေပြင်ကို ကွင်းဆင်းစစ်ဆေးခဲ့ပါတယ်။ ခနောက်စိမ်းတူးဖော်တဲ့လုပ်ကွက်က (၁၂)ပေပတ်လည်ခန့် ကျယ်ဝန်းပြီး ရေများဝင်နေခြင်း၊ လုပ်ကွက်နဲ့ ပေ(၂၀၀)ဝန်းကျင်မှာရှိတဲ့ အုတ်ကာ၊ သွပ်မိုးနေအိမ်မှာ နေထိုင်သူများကို စစ်ဆေးမေးမြန်းချက်အရ သတ္တုတွင်းအား ပိတ်သိမ်းထားခဲ့ပြီဖြစ်ကြောင်း၊ မိုင်းခွဲမှု မရှိကြောင်းနှင့် လုပ်ကွက်မန်နေဂျာ ဦးရဲနေမျိုးအောင် ကို မေးမြန်းရာမှာတော့ ဝန်ကြီးချုပ် မလာခင် (၅)ရက်ခန့် သတ္တုတွင်းစစ်ဆေးရေးအဖွဲ့များလာလျှင် စစ်ဆေးခံနိုင်ရန်အတွက် Adit နံရံမှ ကျောက်များကို မပြို ကျစေရန် ခွာချခြင်း၊ ဒေါက်များထောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း မိုင်းခွဲမှု မရှိကြောင်းနှင့် ယမ်းနှင့် ဆက်စပ်ပစ္စည်းသိုလှောင်ထားမှုလည်း မရှိပါကြောင်းကိုလည်း သိရှိရပါတယ်။

မြန်မာ့သတ္တုတွင်း နည်းဥပဒေများ၊ နည်းဥပဒေ ၁၈၅၊ နည်းဥပဒေခွဲ(က)အရ တူးဖော်ထားတဲ့ (၁၂)ပေပတ်လည်ခန့် ကျယ်ဝန်းသော Shaft တွင်းကို အန္တရာယ်မဖြစ်အောင် မြေဖို့ဆောင်ရွက်သွားရန်နှင့် မြန်မာ့သတ္တုတွင်း နည်းဥပဒေများ၊ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ သတ်မှတ်ချက်များနှင့်အညီ အကောင်းဆုံးအခြေအနေ ပြန်လည်ရရှိရန် မြေယာပြုပြင်ထိန်းသိမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ သစ်ပင်များ အစားထိုး ပြန်လည်စိုက်ပျိုးပြီး စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်သွားရန် အမှတ်(၁)သတ္တုတွင်းလုပ်ငန်းမှ ကုမ္ပဏီသို့ အကြောင်းကြားထားပြီးဖြစ်ပါတယ်။ ထို့ပြင် ကျိုက်မရောမြို့နယ် တရားမဝင် ဓာတ်သတ္တုတူးဖော်ထုတ်လုပ်မှု တားဆီးရေးကော်မတီမှ အဆိုပါနေရာသို့ မြေပြင်ကွင်းဆင်းစစ်ဆေးရာမှာ ကုမ္ပဏီက လုပ်ငန်းဆောင်ရွက်မှုမရှိတော့ဘဲ ရပ်ဆိုင်းထားကြောင်းနှင့် ခနောက်စိမ်း တူးဖော်ရန်အတွက် ယမ်းဘီလူးနှင့် ဆက်စပ်ပစ္စည်းများ သိုလှောင်ထားခြင်းမရှိကြောင်း၊ ကုမ္ပဏီတာဝန်ခံအားလည်း ခွင့်ပြုမိန့်မရှိဘဲ လုပ်ငန်းဆောင်ရွက်ခွင့် မရှိကြောင်းနဲ့ ခွင့်ပြုချက်မရှိဘဲ တရားမဝင် လုပ်ငန်းဆောင်ရွက်နေသည်ကို တွေ့ရှိရပါက ဥပဒေနှင့်အညီ ထိရောက်စွာ တရားစွဲ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးခဲ့ပြီး လုပ်ငန်းဆောင်ရွက်မှုမရှိစေရေး အနီးကပ်စောင့်ကြည့် သတင်းပို့နိုင်ရန် ပိန်းနဲကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအားလည်း ညွှန်ကြားထားပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အမှတ်(၁) သတ္တုတွင်းလုပ်ငန်းနဲ့ စာချုပ် ချုပ်ဆိုပြီး ခနောက်စိမ်းသတ္တုတူးဖော်လုပ်ကိုင်ခဲ့တဲ့ မြန်မာစကြာဝဠာ တပေါင်းတည်းသတ္တုကုမ္ပဏီလီမိတက်ရဲ့ လုပ်ကွက်အား ခွင့်ပြုမိန့် ပြန်လည်အပ်နှံစေခဲ့ပြီး လုပ်ကွက်ပိတ်သိမ်းရန် ဆောင်ရွက်သွားမှာဖြစ်ပါကြောင်းနှင့် ယခင်စာချုပ်ပါ သတ္တုတွင်းပိတ်သိမ်းမှု အစီအစဉ်တွေကို မြန်မာ့သတ္တုတွင်း နည်းဥပဒေများပါ အတိုင်း ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်စေရန် ကြပ်မတ်ဆောင်ရွက်သွားမှာဖြစ်ပြီး ပျက်ကွက်ပါက သတ္တုတွင်းဥပဒေ၊ နည်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ် ရဲ့ မေးခွန်းကို ဆက်လက် ဖြေကြားမှာဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ၂၀၃၀ ပြည့်နှစ်မှာ မြန်မာနိုင်ငံအနေနဲ့ ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံနိုင်ရည်ရှိပြီး ကာဗွန်ထုတ်လွှတ်မှု လျော့နည်းသော ကျန်းမာပျော်ရွှင်တဲ့ လူမှုအဖွဲ့အစည်းတစ်ရပ်ကို ဖော်ဆောင်နိုင်ဖို့ မူဝါဒ၊ မဟာ ဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈-၂၀၃၀)ကို ရေးဆွဲချမှတ်ခဲ့ပြီး ဆက်စပ်ဝန်ကြီးဌာန၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများဖြင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါတယ်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းတွေကို ကဏ္ဍ အသီးသီးမှာ ထည့်သွင်းပေါင်းစပ် ဆောင်ရွက်နိုင်ဖို့အတွက် အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်း သိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီကို ၂၀၁၆ ခုနှစ်၊ ဇွန်လမှာ ဖွဲ့စည်းခဲ့ပြီး ဗဟိုကော်မတီအောက်မှာ ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေး လုပ်ငန်းကော်မတီ(၆)ခုကိုလည်း ထည့်သွင်းဖွဲ့စည်းခဲ့ပြီး ဆက်စပ်ဝန်ကြီးဌာနများနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လုပ်ငန်း များအတွက် နိုင်ငံတော်ဘဏ္ဍာ ခွဲဝေထည့်သွင်း ရေးဆွဲရန်အတွက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံအနေနဲ့ Power Point မှာ တင်ပြပါအတိုင်း ရာသီဥတုပြောင်းလဲမှုဆိုင်ရာ နိုင်ငံတကာကွန်ဗန်းရှင်းများဖြစ်တဲ့ UNFCCC, Kyoto Protocol, Doha Amendment, Paris Agreement, Montreal Protocol တို့မှာ အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်လျက် International Agreement ကတိကဝတ်များကို လိုက်နာဆောင်ရွက်လျက်ရှိပါတယ်။ ကီဂါလီပြင်ဆင်ချက် (Kigali Amendment) မှာလည်း မြန်မာနိုင်ငံမှ အတည်ပြုလက်မှတ်ရေးထိုးဖို့အတွက် လက်ရှိမှာ ပြင်ဆင်ဆောင်ရွက် လျက်ရှိပါတယ်။ အထက်ပါ ကွန်ဗန်းရှင်းများရဲ့ ကတိကဝတ်တွေကို လိုက်နာဆောင်ရွက်ရန် အတွက် NAPA(National Adaptation Plan Of Action), INC(Initial National Communication), INDC(Intended Nationally Determined Contribution), FRL(Forest Reference Level) စတဲ့ Power Point တွင် တင်ပြပါ အစီရင်ခံစာများကို UNFCCC အတွင်းရေးမှူးရုံးသို့ တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ အမျိုးသားသစ်တောကဏ္ဍ ပင်မနှစ်(၃၀)စီမံကိန်းကိုလည်း ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်ကျရောက်မှု လျော့နည်းသက်သာစေဖို့အတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

အဆိုပါ စီမံကိန်း၏ ရည်မှန်းချက်အရသော်လည်းကောင်း၊ ရာသီဥတုပြောင်းလဲမှုကို လျှော့ချနိုင်ဖို့ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများရဲ့ ကတိကဝတ်တစ်ခုဖြစ်တဲ့ Nationally Determined Contribution (NDC)အရလည်းကောင်း၊ ကြိုးဝိုင်းကြိုးပြင်ကာကွယ်တောတွေကို နိုင်ငံ့ဧရိယာရဲ့

(၃၀)ရာခိုင်နှုန်းနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများကိုလည်း နိုင်ငံ့ဧရိယာရဲ့ (၁၀)ရာခိုင်နှုန်းအထိ တိုးချဲ့ဖွဲ့စည်းရမှာဖြစ်ပြီး လက်ရှိအချိန်မှာ သစ်တောနယ်မြေများကို (၂၅.၄၉) ရာခိုင်နှုန်း သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနယ်မြေများကို (၅.၈၅) ရာခိုင်နှုန်းအထိသာ ဖွဲ့စည်းထားနိုင်သဖြင့် တိုးချဲ့ဖွဲ့စည်းနိုင်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။

အထက်ပါ မူဝါဒ၊ ရည်မှန်းချက်များနှင့်အညီ ပြည်နယ်၊ တိုင်းဒေသကြီးအသီးသီးမှာလည်း မြန်မာနိုင်ငံ သစ်တောများပြန်လည်တည်ထောင်ရေးစီမံကိန်း(Myanmar Reforestation and Rehabilitation Program – MRRP) (၂၀၁၇ – ၂၀၁၈ ခုနှစ်မှ ၂၀၂၆ – ၂၀၂၇ ခုနှစ်အထိ) (၁၀)နှစ်တာစီမံကိန်းများအဖြစ် ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါတယ်။ Power Point မှာ တင်ပြထားတဲ့ ရလဒ်တွေကတော့ စီမံကိန်းမျှော်မှန်းချက် ရလဒ်တွေပဲဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးလုပ်ငန်းစီမံချက် (Myanmar Action Plan for Disaster Risk Reduction – MAPDRR 2017) မှာလည်း တောမီးလောင်ကျွမ်းခြင်းကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများကို လျှော့ချနိုင်ရန် ၂၀၁၈–၂၀၁၉ ခုနှစ်တွင် Power Point တွင် တင်ပြပါ လုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့ပါတယ်။

နောက်တစ်ချက်အနေနဲ့ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုအနေနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အာဆီယံလုပ်ငန်းအဖွဲ့မှာ National Focal Point အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတကာအဖွဲ့အစည်းများနဲ့လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့နေရာမှာ တင်ပြပါ စီမံကိန်း(၁၄)ခုမှာ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒမဟာဗျူဟာနဲ့ ပင်မလုပ်ငန်းအစီအစဉ်များ ၂၀၁၈–၂၀၃၀ ပြည့်နှစ် တွင် ပါဝင်သည့် ဦးစားပေးလုပ်ငန်းစဉ်များဖြစ်ကြောင်း ရွေးချယ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လက်ရှိပူးပေါင်းဆောင်ရွက်နေတဲ့ စီမံကိန်းတချို့ကို တင်ပြသွားမှာဖြစ်ပါတယ်။ အဓိက ကတော့ ရာသီဥတုပြောင်းလဲမှုနဲ့အညီ လိုက်လျောညီထွေ ရပ်တည်နေထိုင်နိုင်ဖို့ ဒီရေရောက် သစ်တောတွေကို စနစ်တကျ စီမံအုပ်ချုပ်လုပ်ကိုင်ခြင်းစီမံကိန်းတွေ၊ ဒေသခံပြည်သူတွေရဲ့ လူမှုစီးပွားတိုးတက်စေဖို့ ဇီဝမျိုးစုံမျိုးကွဲတွေ၊ အခြေအနေတွေ သိရှိစေဖို့ စာရင်းကောက်ယူခြင်းနဲ့ (REDD–Reducing Emissions from Deforestation and Forest Degradation)+ လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ဆက်စပ်ပတ်သက်သူတွေ အားလုံးကို စွမ်းဆောင်ရည်မြှင့်တင်မှုစီမံကိန်းတွေ၊ သစ်တောပြုန်းတီးခြင်းနဲ့ သစ်တောအတန်းအစား ကျဆင်းမှုမှ ကာဗွန်ထုတ်လုပ်မှု လျှော့ချရေးစီမံကိန်းတွေ၊ ရာသီဥတုပြောင်းလဲမှုနဲ့ ရေကြီးရေလျှံမှုတွေကို စီမံခန့်ခွဲရန်အတွက် အချက်အလက်များ တိုးမြှင့်အသုံးပြုရေးစီမံကိန်းတွေ၊ ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနဲ့ လိုက်လျောညီထွေဖြစ်စေရေးဆိုင်ရာ နည်းပညာလိုအပ်ချက်များ ဆန်းစစ်ရေးစီမံကိန်းတွေ ဆိုပြီးတော့ ကျွန်တော်တို့ ရှိပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းတဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီး တော့မှ တစ်ကမ္ဘာလုံး ကြုံတွေ့နေရတဲ့ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာတဲ့ ဆိုးကျိုး သက်ရောက်မှုတွေ လျော့ပါးနိုင်စေရေးအတွက် မူဝါဒတွေ၊ မဟာဗျူဟာတွေ၊ ပြင်ပလုပ်ငန်း အစီအစဉ်တွေ၊ စီမံကိန်းတွေ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိခြင်း၊ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများမှာ အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး လိုက်နာရမယ့် ကတိကဝတ်တွေကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိခြင်း၊ အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်ခြင်း၊ နိုင်ငံတကာ အဖွဲ့အစည်း အကူအညီများဖြင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနဲ့ လိုက်လျောညီထွေဖြစ်စေရေးအတွက် စီမံကိန်းများကို ကျွန်တော်တို့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ စစ်ကိုင်း တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းအောင် ရဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စစ်ကိုင်းတိုင်း ဒေသကြီးအစိုးရအဖွဲ့တို့နှင့် ပေါင်းစပ်ပြီး ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပေးပါရန် တင်ပြအပ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ရဲ့ စိစစ်တွေ့ရှိချက်တွေအရ စစ်ကိုင်းတိုင်း ဒေသကြီး၊ ကျွန်းလှမြို့နယ်မှာ ၁၉၉၅–၁၉၉၆ ခုနှစ် သဖန်းဆိပ် ရေလှောင်တမံစီမံကိန်း ဆောင်ရွက် ခဲ့တဲ့နေရာမှာ ကျွန်းလှမြို့ အပါအဝင် ကျေးရွာ(၇၃)ရွာနှင့် လယ်မြေဧရိယာ (၁၇၉၁၆)ဧက၊ ယာမြေ ဧရိယာ(၁၇၈၄၉)ဧက၊ ကိုင်းမြေဧရိယာ(၁၅၈၇)ဧက၊ စုစုပေါင်းဧရိယာ (၃၇၃၅၂)ဧက ပါဝင်သွားခဲ့ ပါတယ်။

သဖန်းဆိပ် ရေလှောင်တမံစီမံကိန်းဧရိယာအတွင်း ပါဝင်သွားတဲ့ လယ်ယာမြေများအတွက် အစားထိုးချထားပေးခဲ့ရာမှာ ကန့်ဘလူမြို့နယ်နဲ့ ကျွန်းလှမြို့နယ်တို့အတွင်းမှာရှိတဲ့ သိုက်ထင်း ကြိုးဝိုင်း၊ ဆားတွင်းကြီးကြိုးဝိုင်း၊ ဆားတွင်းကြီးကြိုးပြင်၊ သစ်ရာပင်ကြိုးဝိုင်း၊ ဖုံမွှာကြိုးဝိုင်းများ အတွင်းရှိ သစ်တောမြေဧရိယာ(၄၀၉၀၄.၆၈)ဧက၊ မြေရိုင်းဧရိယာ(၄၀၆၀)ဧက၊ စုစုပေါင်း (၄၄၉၆၄.၆၈) ဧကကို (၂၀၀၂)ခုနှစ်ကပင် ကျွန်တော်တို့ အစားထိုး ချပေးခဲ့ပြီးဖြစ်ပါတယ်။ မြေရိုင်းဧရိယာ (၃၀၀၂) ဧကမှာ စိုက်ပျိုးမှု တည်ငြိမ်သွားပြီးဖြစ်တဲ့အတွက် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုမိန့်လက်မှတ် ပုံစံ(၇) ထုတ်ပေးထားပြီး ကျန်ရှိတဲ့ဧရိယာ (၁၀၅၈)ဧကကိုလည်း ပုံစံ(၇) ထုတ်ပေးနိုင်ရန်အတွက် လျှောက်လွှာပုံစံ (၁)ကို ဖြန့်ဝေထားရှိပြီး ဖြစ်ပါတယ်။

သစ်တောဧရိယာအတွင်း အစားထိုးချထားပေးခဲ့တဲ့ ဧရိယာများမှ သစ်တောမြေအဖြစ်မှ (၆၆၇၀)ဧကကို ပယ်ဖျက်ခဲ့ပြီးတော့မှ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ(၇)ကိုလည်း (၂၀၁၄– ၂၀၁၅) ခုနှစ်က ထုတ်ပေးထားပြီးဖြစ်ပါတယ်။ ကျန်ရှိခဲ့တဲ့ဧရိယာ (၃၄၂၃၄.၆၈)ဧကမှာ သစ်တောမြေ

အဖြစ်မှ ပယ်ဖျက်ထားခြင်းမရှိတဲ့အတွက် ပုံစံ(၇)များ ထုတ်ပေးနိုင်ခြင်း မရှိသေးပါကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဖြေကြားထားပါတယ်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်တို့မှ သဖန်းဆိပ်ဆည် စီမံကိန်းမြေ နေရာသို့ သွားရောက်ခဲ့ပြီး ဒေသခံများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံ၍ သစ်တောမြေများ ပယ်ဖျက်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးခဲ့ပြီး သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပြီးပါက တောင်သူလယ်သမားများအတွက် ပုံစံ(၇)များ ထုတ်ပေးနိုင်ရေးအတွက် မြေတိုင်းတာခြင်းလုပ်ငန်းကိုလည်း ၇-၁-၂၀၂၀ ရက်နေ့မှစပြီး စတင်ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၆ ခုနှစ် သစ်တောမြေအတွင်း အစားထိုးခွင့်ပြု ချထားပေးခဲ့တဲ့နေရာတွေကို သစ်တောမြေမှ ပယ်ဖျက်၍ လယ်ယာမြေလုပ်ကိုင်ခွင့်လက်မှတ် ပုံစံ(၇) ရရှိနိုင်ရေးအဖွဲ့စုံဖြင့် ကွင်းဆင်းတိုင်းတာခဲ့တဲ့နေရာမှာတော့ Power Point မှာ တင်ပြပါအတိုင်း လယ်မြေ (၇၄၈၇.၉၁)ဧကနဲ့ ယာမြေ (၂၆၇၄၆.၇၇)ဧက၊ စုစုပေါင်း (၃၄၂၃၄.၆၈)ဧက စာရင်း ကောက်ယူရရှိပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေနဲ့ သဖန်းဆိပ်ဆည် တည်ဆောက်မှုကြောင့် ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောများအတွင်းသို့ ရွှေ့ပြောင်းနေရာချထားပေးခဲ့သော ဒေသခံများ၏ လယ်မြေဧရိယာ (၇၄၈၇.၉၁)ဧကအား လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ပယ်ဖျက်နိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ သဘောထားမှတ်ချက် တင်ပြတောင်းခံထားပါကြောင်း၊ သဘောထားမှတ်ချက် ပြန်ကြားလာပါက စိစစ်ပြီး လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီသို့ တင်ပြနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ယာမြေဧရိယာ (၂၆၇၄၆.၇၇)ဧကကိုမူ သစ်တောမြေမှ ပယ်ဖျက်ခြင်းမပြုဘဲ သီးနှံသစ်တောရောနှောစိုက်ပျိုးသည့်စနစ်ကို အခြေခံသည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့် ခွင့်ပြုပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**အချိန်၊ ၁၁:၀၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်(၂)ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**မြန်မာ့အားကစား နိုင်ငံတကာအဆင့်အတန်းမီနိုင်ရန်နှင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် မြန်မာနိုင်ငံ အမျိုးသားအားကစားဥပဒေ ရေးဆွဲရာတွင် မည်သည့်အဆင့်ထိ ရောက်ရှိနေသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁:၀၇။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၆။**

**ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသော မေးခွန်းမှာ မြန်မာ့အားကစား နိုင်ငံတကာအဆင့်အတန်းမီနိုင်ရန်နှင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် မြန်မာနိုင်ငံ အမျိုးသားအားကစားဥပဒေရေးဆွဲရာတွင် မည်သည့်အဆင့်ထိ ရောက်ရှိနေသည်ကို သိရှိလိုသည့် မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံအမျိုးသားအားကစားဥပဒေမူကြမ်းရေးဆွဲနိုင်ရန်အတွက် ယခင်အားကစားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဥက္ကဋ္ဌအဖြစ်ဦးဆောင်၍ ဥပဒေမူကြမ်း ရေးဆွဲရေးကော်မတီကို ၂၃-၆-၂၀၁၄ ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်းသိရှိရပါတယ်။ ဥပဒေမူကြမ်းရေးဆွဲရေးကော်မတီအနေဖြင့် ဆက်စပ်လျက်ရှိသော ယခင်ကျန်းမာရေးဝန်ကြီးဌာန၊ အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်အသီးသီးမှ ကိုယ်စားလှယ်များကို ဖိတ်ခေါ်၍ ၂၇-၆-၂၀၁၄ ရက်နေ့မှ ၂၄-၉-၂၀၁၄ ရက်နေ့အထိ အစည်းအဝေး(၅)ကြိမ် ပြုလုပ်၍ ဥပဒေမူကြမ်းအား ရေးဆွဲပြုစုခဲ့ကြပါတယ်။

ထို့အပြင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင်များ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများထံမှ ပြင်ဆင်၊ ဖြည့်စွက်၊ ထည့်သွင်းလိုသည့် အကြံပြုချက်များပေးပို့လာနိုင်ရန် (၃)ကြိမ်စီ တောင်းခံခဲ့ရာ ထိုစဉ်က အားကစားအဖွဲ့ချုပ်(၁၀)ခုမှ အကြံပြုချက်များရရှိခဲ့ပြီး စိစစ်ထည့်သွင်းရေးဆွဲခဲ့ပါတယ်။ ထို့နောက်ကာကွယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များထံမှလည်း ဥပဒေမူကြမ်းအား ဖြည့်စွက်အကြံပြုချက်များ ရရှိခဲ့ပြီးဖြစ်ပါတယ်။ ထို့နောက် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက်ယူပြီး နိုင်ငံတော်သမ္မတထံသို့ ၂၂-၆-၂၀၁၅ ရက်နေ့တွင် တင်ပြခဲ့ပြီဖြစ်ကြောင်းတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံအမျိုးသားအားကစားဥပဒေကို ရေးဆွဲခြင်းဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အားကစားနှင့် ကာယပညာလုပ်ငန်းများကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ပါတယ်။ ဥပဒေရေးဆွဲရာတွင် နိုင်ငံတော်ဒုတိယသမ္မတ (၁)ဦးဦး ပါဝင်သော အားကစားနှင့်ပတ်သက်သည့် နိုင်ငံတော်အဆင့် ကော်မတီတစ်ရပ်ကိုဖွဲ့စည်းပြီး ဝန်ကြီးဌာန၊ အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ အားကစားနှင့်ပညာရေးပေါင်းစပ်မှုကော်မတီ၊ တပ်မတော်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီများ၊ အားကစားအဖွဲ့ချုပ်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှသာလျှင် မြန်မာ့အားကစား ကမ္ဘာ့အဆင့်အတန်းမီ လျှောက်လှမ်းနိုင်မှာဖြစ်ပါတယ်။ သို့မှသာ တပ်မတော်သားများ၊ တက္ကသိုလ်/ကောလိပ်နှင့် အခြေခံပညာကျောင်းသားများအတွက် အားကစားတိုးတက်ပြန့်ပွားရေးနှင့် ထူးချွန်အားကစားသမားများ ပေါ်ထွန်းရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာရေးအတွက် နိုင်ငံတော်၏ အားပေးဦးဆောင်မှုဖြင့် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ပြည်သူတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်မှုကို ရယူဆောင်ရွက်နိုင်ရန် တစ်မျိုးသားလုံး လွှမ်းခြုံနိုင်သည့် မြန်မာနိုင်ငံ အမျိုးသားအားကစားဥပဒေတစ်ရပ် မလွဲမသွေ လိုအပ်လျက်ရှိပါတယ်။

ထူးချွန်သော အားကစားသမားမျိုးဆက်သစ်များ ပေါ်ထွန်းလာပြီး အားကစားထူးချွန်မှုကို အရည်အချင်းတစ်ရပ်အဖြစ် အသိအမှတ်ပြု၍ ချီးမြှင့်နိုင်ရန် နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင်အားကစားသမားများ၏ ဘဝအာမခံချက်ရရှိရန်အတွက် နိုင်ငံတော်၏ဦးဆောင်မှုဖြင့် ဆောင်ရွက်ပေးရန် လိုအပ်ပါတယ်။ အားကစားပြိုင်ပွဲများကျင်းပခြင်းဖြင့် နိုင်ငံတကာဆက်ဆံရေးနှင့်ချစ်ကြည်ရင်းနှီးမှုကိုလည်း အထောက်အကူပြုစေနိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဤမေးခွန်းအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။

**ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ်၏ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန အနေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းအသစ်တချို့ကို လက်ရှိ ဖြည့်စွက်ဘတ်ဂျက်တွင်လည်းကောင်း၊ တချို့ကို ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင်လည်းကောင်း သင့်တော်သလို အမြန်ဆုံး ခွဲဝေချထားပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁:၁၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၁၁။**

**ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခွန်ဝင်းသောင်းပဲ ဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင် မိုးမောက်မြို့နယ်ရဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနအနေနဲ့ ဆောင်ရွက်မယ့် အောက်ပါလုပ်ငန်းစီမံကိန်းအသစ်တို့ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အမီ တင်ပြတောင်းခံခဲ့သော်လည်း ပါဝင်ခဲ့ခြင်းမရှိဘဲ ဒေသတစ်ခုလုံးအတွက် အမှန်တကယ်လိုအပ်တဲ့ စီမံကိန်း၊ စီမံချက်များဖြစ်တဲ့အတွက် ယခုလို ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဌာနကို မေးမြန်းရခြင်းဖြစ်ပါတယ်။ Power Point အသုံးပြုခွင့် တောင်းခံအပ်ပါတယ်။

မိုးမောက်မြို့နယ်အတွက် အားကစားကဏ္ဍနဲ့ပတ်သက်လို့ ဆောင်ရွက်နေတဲ့လုပ်ငန်းများကတော့ (၁)မိုးမောက်မြို့နယ်၊ မြို့နယ်အားကစားရုံတည်ဆောက်ခြင်းလုပ်ငန်း၊ (၂) မိုးမောက်မြို့နယ်၊ ပွဲကြည့်စင် အဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်း၊ (၃) မိုးမောက်မြို့နယ်၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ မြို့နယ်ဝန်ထမ်းအိမ်ရာ (၃)ခန်းတွဲ တည်ဆောက်ခြင်းလုပ်ငန်းတို့ဟာဆိုရင် မဖြစ်မနေလိုအပ်တဲ့အတွက် ဆောက်လုပ်ရန် နေရာလွတ်များရှိတာကိုလည်း Power Point မှာ ပါရှိတဲ့အတိုင်း မြင်တွေ့ရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး မိုးမောက် မြို့နယ်ထဲက လွယ်ဂျယ်မြို့ ဘောလုံးကွင်း အုတ်တံတိုင်းကာရံခြင်းလုပ်ငန်းနဲ့ ပွဲကြည့်စင် တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ဒေသခံပြည်သူများရဲ့ လိုလားချက်အရလည်းကောင်း၊ ထို့အပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနရဲ့ ၂၅-၆-၂၀၁၉ ရက်စွဲပါ စာအမှတ် (၈၉၈/၀၉၈-ငစရ/ကရ) ဖြင့် ညွှန်ကြားရေးမှူးချုပ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကျခံ ခွင့်ပြုပါရန်ဟူ၍ မှတ်ချက်ပြုထားပြီးဖြစ်တဲ့ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ်၊ မြို့နယ်အားကစားကွင်းအတွင်း Inner Fencing ကာရံခြင်း ကုန်ကျစရိတ် ကျပ်(၉၄)သိန်းကျော် ပမာဏကို မေးခွန်းမေးတဲ့ စာတင်တဲ့ကာလတုန်းက မရရှိသေးလို့ လုပ်ငန်းများ အမြန်ဆုံး လုပ်ဆောင်နိုင်ရန်အတွက် ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ်ရဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနအနေနဲ့ ဆောင်ရွက်မယ့် လုပ်ငန်းတို့ကို အနီးဆုံးဘဏ္ဍာရေးနှစ် ဘတ်ဂျက်မှာ သင့်တော်သလို အမြန်ဆုံး ခွဲဝေချထားပေးနိုင်ခြင်း ရှိ/မရှိ ဆိုတဲ့ မေးခွန်းကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနကို လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်ဝန်ထမ်းအိမ်ရာ (၃)ခန်းတွဲ တည်ဆောက်ရန် မြေနေရာ၏ မြင်ကွင်းပုံ (၁)



လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပွဲကာလတွင် အားပေးနေကြသည့် မြင်ကွင်းပုံ (၁-၁)



မြို့နယ်အားကစားကွင်းအတွင်း Inner Fencing ကာရံရန် လိုအပ်နေမှုအားပြသည့် မြင်ကွင်းပုံ (၁-၂)



**အချိန်၊ ၁၁:၁၃။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁:၁၃။**

**ဒေါက်တာမြလေးစိန်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်မကတော့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် ဖြစ်ပါတယ်။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဒေါက်တာဇော်လင်းထွဋ်၏ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်ရှင်။ Power Point အသုံးပြုခွင့်ပြုပါရန်နှင့် အင်္ဂလိပ်ဘာသာစကားဖြင့် အနည်းငယ်ပြောခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်ရှင်။

မြန်မာနိုင်ငံအမျိုးသားအားကစားဥပဒေရေးဆွဲရေးအတွက် ၂၀၁၄ ခုနှစ်၊ ဇွန်လတွင် တာဝန်ထမ်းဆောင်ခဲ့သည့် ဒုတိယဝန်ကြီးဦးစီးသည့်အဖွဲ့ဝင်(၁၀)ဦးနှင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ကိုယ်စားလှယ်များပါဝင်သည့် မြန်မာနိုင်ငံ အမျိုးသားအားကစားဥပဒေ(မူကြမ်း) ရေးဆွဲရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။ အဆိုပါ ဥပဒေ(မူကြမ်း)ရေးဆွဲရေးအဖွဲ့သည် ဆက်စပ်လျက်ရှိသော ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ စစ်ရေးချုပ်ရုံး၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ကိုယ်စားလှယ်များကို ဖိတ်ခေါ်၍ အစည်းအဝေး(၅)ကြိမ်ပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံအမျိုးသားအားကစားဥပဒေ(မူကြမ်း)ကို ရေးဆွဲခဲ့ကြပါတယ်။

မြန်မာနိုင်ငံအမျိုးသားအားကစားဥပဒေ(မူကြမ်း)ကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင်များ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများအပြင် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ (၂)ကြိမ်စီပေးပို့၍ အကြံပြုချက် သဘောထားမှတ်ချက်များတောင်းခံပြင်ဆင်ခဲ့ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ (၅)ကြိမ် သဘောထားမှတ်ချက်ပေးပို့တောင်းခံခဲ့ပါသည်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ၂၀-၈-၂၀၁၅ ရက်နေ့တွင် သဘောထားမှတ်ချက်ပေးပို့ရန် မရှိကြောင်း ပြန်ကြားလာသဖြင့် မြန်မာနိုင်ငံ၏အခြေအနေနှင့်ကိုက်ညီသော အခန်း(၁၂)ခန်း၊ ပုဒ်မ ၃၂ ခုပါသော မြန်မာနိုင်ငံအမျိုးသားအားကစားဥပဒေ(မူကြမ်း)ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ သမ္မတရုံးသို့ တင်ပြထားခဲ့ပါတယ်။

ထို့အပြင် လက်ရှိအစိုးရကာလတွင် ပြောင်းလဲနေသော အခြေအနေများနှင့်အညီ ပြင်ဆင်မှုများပြုလုပ်ခဲ့ပြီး ၂၀၁၆ ခုနှစ်၊ ဇွန်လတွင် ပြည်ထောင်စုဝန်ကြီးထံ တင်ပြ၍ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက်တောင်းခံခြင်းများ၊ အကြံပြုချက်များအတိုင်း ပြင်ဆင်တင်ပြခြင်းများကို ဆက်လက်ဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါ အားကစားဥပဒေ(မူကြမ်း) ရေးဆွဲရေးနှင့် စပ်လျဉ်း၍

၃-၃-၂၀၁၉ ရက်နေ့စွဲပါစာဖြင့် ဥက္ကဋ္ဌ၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ပြည်ထောင်စုလွှတ်တော်သို့ ရှင်းလင်းတင်ပြထားပြီး ဖြစ်ပါတယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဥက္ကဋ္ဌ အဖြစ်ပါဝင်သည့် မြန်မာနိုင်ငံအမျိုးသားအားကစားဥပဒေ(မူကြမ်း) ရေးဆွဲရေးအဖွဲ့ကို ၁၀-၄-၂၀၁၉ ရက်စွဲပါစာဖြင့် ဖွဲ့စည်း၍ ဥပဒေ(မူကြမ်း)အား ပြင်ဆင်ရေးဆွဲခဲ့ပြီး နိုင်ငံတကာအခြေအနေနှင့် ကိုက်ညီအောင် ပြန်လည်ရေးဆွဲနိုင်ရေးအတွက် အထောက်အကူပြုအဖွဲ့ အဖွဲ့ဝင်(၆)ဦးဖြင့် ဖွဲ့စည်း ကာ အမျိုးသားအားကစားဥပဒေ(မူကြမ်း)အား အင်္ဂလိပ်ဘာသာပြန်ဆို၍ အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ၊ Internal အိုလံပစ်ကော်မတီနှင့် E-Mail ဖြင့် ဆက်သွယ်၍ (၆)ကြိမ်ထက် မနည်းသော အဆက်အသွယ်ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

ဒုတိယဝန်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဆွစ်ဇာလန်နိုင်ငံ၊ Lausanne မြို့တွင် ၂၂-၆-၂၀၁၉ ရက်နေ့မှ ၂၃-၆-၂၀၁၉ ရက်နေ့ထိ ကျင်းပပြုလုပ်ခဲ့သော 125th Anniversary of the International Olympic Committee and Official Opening of Olympic House သို့ သွားရောက်ခဲ့သည့် ခရီးစဉ်တွင် အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီ(IOC)မှ တာဝန်ရှိသူများနှင့် ဥပဒေ(မူကြမ်း)ရေးဆွဲနိုင်ရေးအတွက် Final Draft ကိုအသေးစိတ် ဆွေးနွေးခြင်းများ ပြုလုပ် ခဲ့ပါသည်။ ၃-၇-၂၀၁၉ ရက်နေ့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များအား မြန်မာနိုင်ငံအမျိုးသားအားကစားဥပဒေ(မူကြမ်း)အား မြန်မာ ကိုယ်စားလှယ်အဖွဲ့မှ အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီနှင့် ဆွေးနွေးခဲ့သည့် Final Draft ၏ အတွေ့အကြုံများအား ပြန်လည်ရှင်းလင်းတင်ပြခဲ့ပါသည်။

အင်္ဂလိပ်ဘာသာဖြင့် Final Draft အား မြန်မာဘာသာပြန်ဆို၍ ၂၆-၉-၂၀၁၉ ရက်နေ့တွင် မြန်မာနိုင်ငံအမျိုးသားအားကစားဥပဒေ(မူကြမ်း)ရေးဆွဲရေးအဖွဲ့ဝင်များ၊ ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များမှ ဥပဒေ(မူကြမ်း)အတည်ပြုရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပြီး ထိုအစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေးအကြံပြုချက်များကို တောင်းခံခဲ့ပါတယ်။

ထို့အပြင် နိုင်ငံတော်သမ္မတရုံး၏ ၂၂-၂-၂၀၁၉ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၂၉/၂၀၁၉)ဖြင့် အတည်ပြုဖွဲ့စည်းပေးခဲ့သည့် မြန်မာနိုင်ငံအိုလံပစ်ကောင်စီအဖွဲ့ဝင်များဖြစ်ကြသော ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှု ဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများထံ ၃-၁၀-၂၀၁၉ ရက်နေ့တွင် သဘောထားမှတ်ချက်များတောင်းခံ၍ အဖွဲ့ဝင်များမှ ပြန်ကြားလာသည့် သဘောထား အကြံပြုချက်များနှင့်အညီ မြန်မာနိုင်ငံအမျိုးသားအားကစားဥပဒေ(မူကြမ်း)အား ပြန်လည်ပြင်ဆင် ရေးဆွဲ၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ၂၄-၁၀-၂၀၁၉ ရက်နေ့တွင် သဘောထား အကြံပြုချက် တောင်းခံခဲ့ပါသည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ၁၁-၁၂-၂၀၁၉ ရက်စွဲပါစာဖြင့် သဘောထားအကြံပြုချက် ပြန်ကြားခဲ့သဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားအကြံပြုချက်နှင့်အညီ မြန်မာနိုင်ငံ အမျိုးသားအားကစားဥပဒေ(မူကြမ်း)အား (မူကြမ်း)ရေးဆွဲရေးအဖွဲ့မှ အပြီးသတ် ပြန်လည်ပြင်ဆင် ရေးဆွဲပြီးဖြစ်၍ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီသို့ ဆက်လက် တင်ပြ ဆောင်ရွက်လျက်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါသည်။

ဆက်လက်၍ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခွန်ဝင်းသောင်း ၏ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ကချင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီး ဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုရန်ပုံငွေစာရင်းအား ၂၀-၁-၂၀၂၀ ရက်နေ့တွင် တင်ပြထားပြီးဖြစ်ပါသဖြင့် ကချင်ပြည်နယ် ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ်အားကစားရုံ (၁)ရုံ ဆောက်လုပ်ခြင်း၊ ပွဲကြည့်စင်အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ (၃)ခန်းတွဲ ဝန်ထမ်းအိမ်ရာ တည် ဆောက်ခြင်းလုပ်ငန်းများနှင့် မိုးမောက်မြို့နယ်၊ လွယ်ဂျယ်မြို့ ဘောလုံးကွင်းအုတ်တံတိုင်းကာရံခြင်း၊ လွယ်ဂျယ်မြို့ အားကစားကွင်းပွဲကြည့်စင် တည်ဆောက်ခြင်းလုပ်ငန်းတို့အား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေး နှစ် ကချင်ပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေစာရင်းတွင် ထည့်သွင်းလျာထား အဆိုပြုတင်ပြထားပြီးဖြစ်ပါကြောင်းနှင့် ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

ထို့အပြင် ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ်အားကစားကွင်းအတွင်း Inner Fencing ပြုပြင်ကာရံခြင်းလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျစရိတ် ငွေကျပ်(၉၄၇၀၆၀၆.၂)အား ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဘတ်ဂျက်မှ ပြုပြင်ထိန်းသိမ်းရေး ခေါင်းစဉ်ဖြင့် ၁၈-၂-၂၀၂၀ ရက်နေ့တွင် ကချင်ပြည်နယ်၊ အားကစားနှင့် ကာယပညာဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီးပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်ရှင်။

## ကြက်ခြေနီအမှတ်အသား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း

**အချိန်၊ ၁၁:၂၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကြက်ခြေနီအမှတ်အသား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ) ဦးမောင်စိုး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၂၀။**

**ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ ကိုယ်ရောစိတ်ပါ ဘေးရန်ကွာပြီးတော့ ကျန်းမာကြပါစေ။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း(ခ)ဦးမောင်စိုး ဖြစ်ပါတယ်။ ကျွန်တော် ယခုဆွေးနွေးမှာက ပြဋ္ဌာန်းလိုက်တဲ့ ကြက်ခြေနီအမှတ်အသား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကို ကြိုဆိုပြီး ဆွေးနွေးသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံ ၁၉၄၉ ခုနှစ်၊ ဂျီနီဗာ Convention သဘောတူညီချက်ကို ၂၅-၈-၁၉၉၂ ရက်နေ့မှ လက်မှတ်ရေးထိုးထားတဲ့ အဖွဲ့ဝင်နိုင်ငံတစ်ခုလည်းဖြစ်ပါတယ်။ ယခုဆိုရင် ကျွန်တော်တို့ ၂၈ နှစ်ကြာတဲ့အခါမှ ကြက်ခြေနီအမှတ်အသား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့တာပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လည်း ကြက်ခြေနီအမှတ်အသားကို အသုံးပြုခွင့်မရဘဲနဲ့ စီးပွားရေးလုပ်ငန်းတွေမှာ တလွဲသုံးနေတာတွေလည်းပဲ ရှိနေပါတယ်။ ကြက်ခြေနီအမှတ်အသားနဲ့ တန်းတူအသုံးပြုနေတဲ့ ပုဂ္ဂလိကဆေးရုံတွေ၊ ဆေးခန်းတွေ၊ ကုမ္ပဏီတွေ၊ ဆေးကုမ္ပဏီ ဝန်ထမ်းတွေ၊ လူနာတင်ယာဉ်လုပ်ငန်းတွေ လုပ်နေတဲ့ အဖွဲ့အစည်းတွေကနေ ကြက်ခြေနီအမှတ်အသားကို တလွဲအသုံးပြုခွင့် မရှိဘူးဆိုတာကို ဒီဥပဒေပြဋ္ဌာန်းခြင်းအားဖြင့် သိရှိလာမှာပဲဖြစ်ပါတယ်။

ကြက်ခြေနီအမှတ်အသားကိုလည်း လေးစားရာရောက်ပြီးတော့ အလွဲအသုံးပြုခြင်းတို့လည်း ပပျောက်သွားမှာဖြစ်ပါတယ်။ ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ကြက်ခြေနီအမှတ်အသားဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ဖြစ်ပါတယ်။ ဒီပြဋ္ဌာန်းချက်မှာ ကြက်ခြေနီအမှတ်အသား အဓိပ္ပာယ်ဖွင့်ဆိုချက်ဟာ မူလပြဋ္ဌာန်းချက်မှာတော့ အတိုင်းအတာနှင့် ပုံသဏ္ဌာန်အရောင်တွေကိုသာ ဖော်ပြထားတာဖြစ်ပါတယ်။ ဒါကို ကျယ်ကျယ်ပြန့်ပြန့် အဓိပ္ပာယ် ဖွင့်ဆိုသင့်ကြောင်း အဆိုပြုခြင်းဖြစ်ပါတယ်။

ကြက်ခြေနီအမှတ်အသား ဆိုသည်မှာ ဘေးအန္တရာယ်ကျရောက်ချိန်၌ လည်းကောင်း၊ စစ်မက်ဖြစ်ပွားချိန်၌ လည်းကောင်း၊ လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားချိန်၌လည်းကောင်း၊ ကြက်ခြေနီလှုပ်ရှားမှု၌ ပါဝင်သည့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ NCRC အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ Convention နှင့် အမျိုးသားကြက်ခြေနီအသင်းများမှ ပုဂ္ဂိုလ်များ၊ တပ်မတော်ဆေးဘက်ဆိုင်ရာ တပ်ဖွဲ့များ၊ ဆေးဘက်ဆိုင်ရာ အဆောက်အအုံများ၊ ဆေးဘက်ဆိုင်ရာ သယ်ယူပို့ဆောင်ရေး ယာဉ်များနှင့် လူမှုကရုဏာ လုပ်ငန်းများ ဆောင်ရွက်သည့်အခါ ဖော်ညွှန်းရန်အတွက်သော် လည်းကောင်း၊ အကာအကွယ်အဖြစ် သော်လည်းကောင်း၊ အသုံးပြုသည့် အဖြူရောင်အောက်ခံအပေါ်ရှိ အလယ်နေရာတွင် အလျားနှင့် အနံ အတိုင်းအတာ တူညီသော အောက်ပါကြက်ခြေနီအမှတ်အသားကို ဆိုသည်ဟု ဒါကို အကြံပြုချင်ပါတယ်။ ဒါကတော့ ဖော်ညွှန်းပြ

အမှတ်အသား အဓိပ္ပာယ်ဖွင့်ဆိုချက်ဖြစ်ပါတယ်။ ဖော်ညွှန်းပြ အမှတ်အသား အဓိပ္ပာယ်ဖွင့်ဆိုချက်အရ ပုဒ်မ ၁၀ နှင့် ပုဒ်မ ၁၁ ရှေ့နောက် ညီညွတ်မှုရှိရန်အတွက် ကြက်ခြေနီအမှတ်အသား သို့မဟုတ် လခြမ်းနီအမှတ်အသား သို့မဟုတ် ခရစ်စတယ်နီ အမှတ်အသားကို ဆိုသည်လို့ ဖြည့်စွက်လိုခြင်း ဖြစ်ပါတယ်။ ဒါကတော့ ရေးထုံးကို ဖြည့်စွက်လိုခြင်းဖြစ်ပါတယ်။ ကြက်ခြေနီ အခြေခံမူဆိုတဲ့နေရာမှာ ကျွန်တော်တို့ ကြက်ခြေနီနှင့် လခြမ်းနီညီလာခံ အတည်ပြုထားတဲ့ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှုမှ အခြေခံမူ(၇)ချက် ဖြစ်ပါတယ်။

ဒါက သစ္စာမဲ့တဲ့ လုပ်ရပ်ကို အဓိပ္ပာယ်ဖွင့်ဆိုထားခြင်းဖြစ်ပါတယ်။ ဒီသစ္စာမဲ့တဲ့ လုပ်ရပ်ဆိုတဲ့ စကားရပ်ဟာ ဒီဥပဒေမှာ သေဒဏ်အထိ အပြစ်ဒဏ်ပေးထားတဲ့ စကားရပ်တစ်ခု ဖြစ်တဲ့အတွက် မူလပြဋ္ဌာန်းချက်မှာပါတဲ့ တစ်ဖက်သား ဆိုတဲ့ စကားကို ရန်သူ ဆိုတဲ့ စကားရပ်နှင့် ဒါကို ပြင်ဆင်လိုခြင်းဖြစ်ပါတယ်။ ဒီစကားရပ်ဟာလည်း NCRC နဲ့ IFRC တို့ကလည်း ရန်သူလို့လည်း အဓိပ္ပာယ်ဖွင့်ဆိုထားတာဖြစ်ပါတယ်။ နောက်ပြီးတော့ အလွဲသုံးမှုပြုကာ ကြက်ခြေနီအမှတ်အသားကို လိမ်လည်လှည့်ဖြားသည့်နည်းနှင့် တစ်နည်းနည်းအသုံးပြုခြင်း၊ လုပ်ဆောင်ခြင်းကို ဆိုသည်လို့ အဓိပ္ပာယ်ဖွင့်ဆိုခြင်းဖြစ်ပါတယ်။ ဒါက ပုဒ်မ ၁၄ ဖြစ်ပါတယ်။ ဒီပုဒ်မ ၁၄ က ဒီ ဥပဒေပြဋ္ဌာန်းချက်မှာတင် အမျိုးသားလွှတ်တော် ကော်မတီပုဒ်မ ၁၄ ဖြစ်ပါတယ်။ ဒီပုဒ်မဟာ ပြစ်မှု၊ ပြစ်ဒဏ်မှာ ဒီပုဒ်မတစ်ခုတည်းကိုပဲ (၃)မျိုး ခွဲခြားသတ်မှတ်ထားတဲ့အတွက် ဒါက ပိုမိုပြည့်စုံမှုရှိအောင် ဖြည့်စွက်လိုခြင်းဖြစ်ပါတယ်။

ဒါက ဒီပုဒ်မကို ကျူးလွန်ရင် (၃)နှစ်ကနေ (၁၀)နှစ်အထိ ရှိတယ်။ နောက်ပြီးတော့ ဒီပုဒ်မကို ကျူးလွန်ပြီး လူတစ်ဦးတစ်ယောက် အပြင်းအထန်ဒဏ်ရာရစေချင်၊ နာစေချင်ရင် ထောင်ဒဏ်အနှစ်(၂၀)ရှိတယ်။ ဒီပုဒ်မကို ကျူးလွန်ပြီးတော့ လူတစ်ယောက် သို့မဟုတ် အများသေစေရန် သေဒဏ်အထိ ချမှတ်ထားတဲ့ ပုဒ်မ ဖြစ်တဲ့အတွက် ဒါ ကျူးလွန်ရင် ခိုင်းစေခြင်း ဆိုတဲ့ စကားရပ်ကို ပါမှသာ လုံလောက်မှု ဖြစ်ပါတယ်။ အမိန့်ပေးရုံတင်မဟုတ်ဘူး။ ခိုင်းစေတဲ့လူပါ ဒါ ဒီဥပဒေအရ အကျုံးဝင်မှာ ဖြစ်ပါတယ်။ ဒါက ပုဒ်မ ၁၆ ဖြစ်ပါတယ်။ ဒီပုဒ်မ ၁၆ မှာ ဖြည့်စွက်ချင်တာက ကြက်ခြေနီ အမှတ်အသား၊ လခြမ်းနီ အမှတ်အသားတွေကို အတုအပ လုပ်ပြီးတော့ အမည်နာမတွေ၊ ဘာသာစကားတွေကို ပြန်ဆိုရန် အတုအပလုပ်တဲ့ တလွဲသုံးမှုတွေကို ခွင်းချက်အနေနဲ့ တစ်နှစ် ပြည့်တဲ့အချိန်မှစ၍ ဆိုတဲ့ စကားရပ်ကို ကျွန်တော်က ဖြည့်လိုက်ချင်တယ်။ အခုဒီမှာ လက်ရှိသုံးနေတဲ့ဟာတွေက ဥပဒေအရ ကြက်ခြေနီအမှတ်အသားဥပဒေ မရှိတဲ့အတွက် ဒါဟာ ဥပဒေအရ ဘာတွေ တားဆီးထားမှန်းမသိတဲ့အတွက် သုံးစွဲတာတွေက ရှိကောင်းရှိပါတယ်။

ဒါကြောင့်မို့လို့ ဒီဥပဒေပြဋ္ဌာန်းပြီးပြီဆိုရင် ဒီပြဋ္ဌာန်းချက်တွေက အသက်ဝင်လာမှာဖြစ်ပါတယ်။ ဒါပြစ်မှုပြစ်ဒဏ်လည်း တစ်ခါတည်းကျမှာဖြစ်တဲ့အတွက် တစ်နှစ် ဆိုတဲ့ဟာကို ခြွင်းချက်ပေးလိုခြင်းဖြစ်ပါတယ်။ တစ်နှစ်ပြည့်သည့်နေ့မှစ၍ ဖြည့်စွက်ခြင်းဖြစ်ပါတယ်။ ဒါကလည်း ဖြည့်စွက်

လိုခြင်းဖြစ်ပါတယ်။ ယင်းအမှတ်အသားပေါ်တွင် အထူးအလေးထားမှု သို့မဟုတ် လေးစားမှုကို ထိခိုက်စေနိုင်ခြင်းအတွက် ဆိုတဲ့ စကားရပ်ကို ဖြည့်စွက်လိုခြင်းဖြစ်ပါတယ်။ ဒီပုဒ်မကတော့ တစ်နှစ် ပြည့်သည့်နေ့မှ ဆိုတဲ့ စကားရပ်ကိုလည်း ခြွင်းချက်အနေနှင့်ထားပြီး ဖြည့်စွက်ခြင်းဖြစ်ပါတယ်။ ဒါကတော့ အသစ်ဖြည့်စွက်ချင်တဲ့ ပြစ်မှု ပြစ်ဒဏ်ဖြစ်ပါတယ်။ ဒါ ထပ်မံကျူးလွန်ကြောင်း ပြစ်ဒဏ် ဖြစ်ပါတယ်။

ဒါ ခုနက တစ်နှစ်ပြည့်ပြီးတော့မှ ထပ်မံကျူးလွန် အပြစ်ဒဏ်ချပြီးမှ အကြိမ်ကြိမ်အခါခါ ထပ်မံကျူးလွန်တယ်ဆိုရင် ဒီပြစ်ဒဏ်သည် နှစ်ဆ သတ်မှတ်ခြင်းခံရမယ်လို့ ဖော်ပြလိုခြင်းဖြစ်ပါတယ်။ ဆေးရုံ၊ ဆေးခန်းတွေမှာရှိတဲ့ Red Cross အမှတ်အသားတွေကို မသိလို့ တပ်ဆင်ထားသည်ဖြစ်စေ၊ သုံးစွဲရသည်ဖြစ်စေ၊ ဒါကို တစ်နှစ် ခွင့်ပြုပြီးခါမှ ထပ်ပြီးကျူးလွန်ရင်-----------။

**အချိန်၊ ၁၁:၂၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးသိန်း(ခ)ဦးမောင်စိုးရဲ့ ဆွေးနွေးချက်နဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အခွန်အယူခံခုံအဖွဲ့ နည်းဥပဒေများကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာခြင်းအား အမျိုးသားလွှတ်တော်သို့ အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၁:၂၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနက ထုတ်ပြန်သည့် အခွန်အယူခံခုံအဖွဲ့ နည်းဥပဒေ များကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော် က ပေးပို့လာသော ပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အခွန်အယူခံခုံအဖွဲ့ နည်းဥပဒေများကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁:၂၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အခွန်အယူခံခုံအဖွဲ့ နည်းဥပဒေများကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် နည်းဥပဒေ၊

နည်းဥပဒေခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၂၅-၂-၂၀၂၀(အင်္ဂါနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန် အစည်းအဝေး နဝမနေ့ ရပ်နားကြောင်းနှင့် ဒသမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁:၂၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ကို ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်(တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ကို ၁၁:၂၈ နာရီအချိန်တွင် ရပ်နားပါသည်။]